# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၆၁)၊ ၁၃၈၇ ခုနှစ် ၊ တော်သလင်းလဆန်း ၃ ရက် ၊ ၂၅–၈–၂၀၂၅ ၊ တနင်္လာနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှလွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

## နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်ပေးအပ်

နေပြည်တော် ဩဂုတ် ၂၄

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်၍ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အတူ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်

စာမျက်နှာ ၃ သို့ »»»




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် မခင်ငြိမ်းချမ်းအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၄**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

## ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၅ ရက်၊ တနင်္လာနေ့။

မန္တလေး နေ့စဉ်

# ဆေးပညာအသိပွဲ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိ

ဆီးချိုနှင့်သွေးတိုးရောဂါများကို စောစီးစွာစစ်ဆေးနိုင်ပြီး အချိန်မီကုသနိုင်ရန်အတွက် ကျန်းမာရေးဌာနများတွင် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စစ်ဆေးဆောင်ရွက်ပေးနေပြီး နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုနှင့်အတူ ပြည်သူများ ဆေးကုသမှုအတွက် စိုက်ထုတ်ကုန်ကျစရိတ် လျော့နည်းသက်သာစေရေးအတွက် ဆီးချို၊ သွေးတိုးနှင့် အခြားမကူးစက်နိုင်သောရောဂါများကုသမှုဆေးဝါးများကိုလည်း အခမဲ့ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ အတွေ့အကြုံ၊ ဗဟုသုတများဖလှယ်ကာ ဆီးချိုနှင့် ဟော်မုန်းရောဂါကုသမှုများအတွက် ပိုမိုအားဖြည့်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး မျိုးဆက်သစ်ဆေးပညာရှင်များအတွက် ဆေးပညာအသိပွဲ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက ဩဂုတ် ၂၃ ရက် နံနက်ပိုင်းတွင် Melia Hotel ရန်ကုန်၌ကျင်းပသည့် ဒုတိယအကြိမ်မြောက် ဆီးချို၊ သွေးချိုနှင့် ဟော်မုန်းရောဂါပညာအဖွဲ့ နိုင်ငံတကာဆေးပညာညီလာခံ ဖွင့်ပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

ဆေးတက္ကသိုလ်(၁) ရန်ကုန်မှကျောင်းသူလေးများက မင်္ဂလာပါသီချင်းဖြင့် ကပြဖျော်ဖြေကြပြီး အပြည်ပြည်ဆိုင်ရာဆီးချို၊ သွေးချိုရောဂါအသင်းအဖွဲ့ကြီး (International Diabetes Federation IDF)၏ ဥက္ကဋ္ဌ Professor Peter Schwarz က ပေးပို့သည့် ညီလာခံကြိုဆိုနှုတ်ခွန်းဆက် Video message အား ဖွင့်လှစ်ပြသသည်။

မြန်မာနိုင်ငံ ဆီးချို၊ သွေးချိုရောဂါအသင်း၏ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာသန်းသန်းအေးက ညီလာခံကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဆေးတက္ကသိုလ်(၂)ရန်ကုန် ပါမောက္ခချုပ်(ငြိမ်း) ပါမောက္ခ ဒေါက်တာတင့်ဆွေလတ်နှင့် မြန်မာနိုင်ငံ ဆီးချို၊ သွေးချိုရောဂါအသင်း၏ဥက္ကဋ္ဌတို့က ညီလာခံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခင်းကျင်းပြသထားသည့် ပညာရပ်ဆိုင်ရာ သုတေသနစာတမ်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ညီလာခံကို ဩဂုတ် ၂၃ ရက်မှ ၂၄ ရက်အထိ ဆီးချို၊ သွေးချိုနှင့် ဟော်မုန်းရောဂါကုသမှုများ မြှင့်တင်ခြင်း (Advancing Care in Diabetes and Endocrinology) ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည်။ မြန်မာနိုင်ငံမှ ဆေးပညာရှင်များသာမက ဩစတြေးလျ၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ စင်ကာပူ၊ ထိုင်း၊ တောင်ကိုရီးယား၊ ဖိလစ်ပိုင်နိုင်ငံတို့မှ ဆေးပညာရှင် ၁၄ ဦးက Speaker အဖြစ် ပါဝင်ဆွေးနွေးခဲ့ကြသည်။

ညီလာခံတွင် ဆွေးနွေးပွဲ (Symposium) ရှစ်ခုခွဲ၍ ဆွေးနွေးခဲ့ရာ Artificial Intelligence(AI) ကို အသုံးပြုပြီး ဆီးချို၊ သွေးချို၏ နောက်ဆက်တွဲရောဂါများဖြစ်သည့် မျက်စိအတွင်း သွေးကြောများပျက်စီးကာ အမြင်အာရုံထိခိုက်မှု၊ ကျောက်ကပ်ရောဂါနှင့် အာရုံကြောရောဂါများ ဖြစ်နိုင်ခြေတို့ကို စစ်ဆေးသည့် ခေတ်မီနည်းပညာသစ်ကို မြန်မာနိုင်ငံတွင် အသုံးပြုဆောင်ရွက်ခဲ့သည့် သုတေသနအပါအဝင် ပြောင်းလဲတိုးတက်လာသည့် နည်းပညာရပ်များဆိုင်ရာ ဆွေးနွေးပွဲများ၊ ပညာရပ်ဆိုင်ရာ ပိုစတာ ၃၅ ခုနှင့် ဆေးနှင့်ဆေးပစ္စည်းပြခန်းများကို ခင်းကျင်းပြသခဲ့သည်။ ညီလာခံမတိုင်မီ အကြိုအစီအစဉ်အနေဖြင့် သွေးတွင်းဂလူးကို့စ် စဉ်ဆက်မပြတ်စောင့်ကြည့်စစ်ဆေးခြင်း (Continuous Glucose Monitoring - CGM) ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆီးချို၊ သွေးချိုနှင့် ဟော်မုန်းရောဂါဆိုင်ရာ ဆေးပညာရှင်များကိုလည်း ပြည်တွင်း၌ နှစ်စဉ်တိုးမြှင့်လေ့ကျင့်မွေးထုတ်လျက်ရှိသည့်အပြင် ပြည်ပ၌ လေ့လာသင်ကြားမှုများကိုလည်း ခွင့်ပြုပံ့ပိုးပေးလျက်ရှိပြီး ဆေးပညာအသိပွဲ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကျင်းပရေး ပြန်ကြားရေးနှင့်သတင်းထုတ်ပြန်ရေး ဆပ်ကော်မတီ (ဒုတိယ)အကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**မန္တလေး ဩဂုတ် ၂၄**

မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကျင်းပရေး ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး ဆပ်ကော်မတီ (ဒုတိယ)အကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက URC အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ပြန်ကြားရေးနှင့်သတင်းထုတ်ပြန်ရေး ဆပ်ကော်မတီအဖွဲ့ဝင်များ၊ မန္တလေးတက္ကသိုလ်မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖနှင့် ကျောင်းသားဟောင်းများ တက်ရောက်ဆွေးနွေးခဲ့ကြပြီး မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမေသွယ်အေးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ရာ မန္တလေးတက္ကသိုလ် ရာပြည့်သဘင်အောင်မြင်စွာ ကျင်းပနိုင်ရန်နှင့် သတင်း၊ ဗီဒီယို၊ မှတ်တမ်းဓာတ်ပုံများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်စေရန် တက်ရောက်လာသူများက ဆွေးနွေးခဲ့ပြီးနောက် တာဝန်ယူဆောင်ရွက်ရမည့် ကဏ္ဍအသီးသီးကို တာဝန်ခွဲဝေပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**အောင်ဇော်မင်း**

၀-၀-၀-၀-၀

# အမရပူရမြို့နယ်၊ ဓနံးကျေးရွာ ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ



**မန္တလေး ဩဂုတ် ၂၄**

မန္တလေး၊ အမရပူရမြို့နယ်၊ ဓနံးကျေးရွာ ဓနံးစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ရှေ့တွင် ကျင်းပသည်။

အဆိုပါ ဓနံးစာကြည့်တိုက်ကို မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ ညွှန်ကြားရေးမှူးဒေါ်ဝေဝေဖြိုး၊ အမရပူရခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးတင်ကိုလင်း၊ မန္တလေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဒေါ်မြင့်မြင့်သန်း၊ အမရပူရမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးစိုးညွန့်ဦးနှင့် ကျေးရွာဥက္ကဋ္ဌဦးကျော်မြတ်ခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး စာကြည့်တိုက်ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။ ထို့နောက် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ စာကြည့်တိုက်ဖွင့်ပွဲဒုတိယပိုင်းကို ကျင်းပရာ အမရပူရခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အဖွင့်အမှာ စကားပြောကြားခဲ့ပြီး စာကြည့်တိုက်ဆိုင်ရာအချက်အလက်များကို ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ ပေးအပ်ခဲ့သည်။ ယင်းနောက် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးက စာကြည့်တိုက်များ ဆောက်လုပ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များကို လှူဒါန်းခဲ့သည်။ ထို့နောက် စာကြည့်တိုက်တည်ဆောက်ရာတွင် ပါဝင်ကူညီခဲ့သည့်အလှူရှင်များကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့သည်။

ဆက်လက်၍ ကျေးရွာအုပ်ချုပ်ရေးမှူးက စာကြည့်တိုက်ဖွင့်ပွဲပြုလုပ်ရခြင်းအတွက် ဝမ်းမြောက်ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ယခုဖွင့်လှစ်သည့် ဓနံးကျေးရွာစာကြည့်တိုက်သည် နိုင်ငံတော်မှ မတည်ငွေကျပ် သိန်းတစ်ရာငါးဆယ်နှင့် ကျေးရွာပြည်သူလူထု ပူးပေါင်းဆောက်လုပ်သော စာကြည့်တိုက်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**စိုးသီဟ**

# အခြေခံစားသောက်ကုန်များအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

**ကျောက်ဆည် ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရေး ပြည်သူ့သက်သာဈေးဖွင့်လှစ်ကာ အခြေခံစားသောက်ကုန်များအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ယမန်နေ့နံနက် ၈ နာရီက ကျောက်ဆည်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံရှိ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား အခြေခံစားသောက်ကုန်များ ရောင်းချပေးခဲ့သည်။

အခြေခံစားသောက်ကုန်များ ရောင်းချရာ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ ပြင်ပပေါက်ဈေးထက် ၂၀ ရာခိုင်နှုန်းလျှော့ချ၍ ဝက်သား ပိဿာ ၂၀၊ အမဲသား ၂၅ ပိဿာ၊ ဆိတ်သား ၁၅ ပိဿာ၊ စားအုန်းဆီ ပိဿာ ၁၁၀ တို့အား ရောင်းချပေးခဲ့ကြောင်း သိရသည်။



(အပေါ်ယာပုံ)

**သက်မောင်(ကျောက်ဆည်)**

## သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

»»» ရှေ့ဖုံးမှ

ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ထူးချွန်ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက "ဂုဏ်ထူးရှင်တို့ ဂုဏ်ပြုစို့" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဒုတိယဥက္ကဋ္ဌနှင့် အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ကိုယ်စား ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာ စကားပြောကြားရာတွင် ယနေ့ အခမ်းအနားသည် ပညာအရာတွင် ထူးချွန်ထက်မြက်သူ၊ အများထက် သာလွန်သည့် ဉာဏ်ပညာရှိသူ၊ ဖွဲ၊ လုံ့လ၊ ဝီရိယများနှင့် ရည်မှန်းချက်ထားပြီး တစိုက်မတ်မတ် ကြိုးစားအားထုတ်အောင်မြင်ကြသူများကို အသိအမှတ်ပြုပြီး ဂုဏ်ပြုဆုအပ်နှင်း ချီးမြှင့်သည့် အခမ်းအနားပင် ဖြစ်ကြောင်း၊ ထိုသို့အောင်မြင်မှုများ ရရှိခြင်းသည် လွယ်လွယ်ကူကူနှင့်ရခဲ့ခြင်း မဟုတ်ဘဲ ငယ်စဉ်ကတည်းက ပညာကို ကြိုးစားသင်ယူလိုစိတ်များ စိမ့်ဝင်စွဲမြဲခဲ့ပြီး ခိုင်မာတည်ကြည်သည့် စိတ်ဓာတ်နှင့် ရည်မှန်းချက်ပန်းတိုင်ကို မရရအောင် သန္နိဋ္ဌာန်ချ အရောက်လှမ်းရယူနိုင်ခဲ့၍သာ ရရှိခြင်းဖြစ်ကြောင်း၊ ထိုသို့ထူးခြားသည့် ဝိသေသရှိသူများကို ဂုဏ်ပြုချီးမြှောက်ခြင်းသည် မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာအရ မင်္ဂလာတစ်ပါးလည်း ဖြစ်ကြောင်း။

နိုင်ငံဖွံ့ဖြိုးရန်အတွက် ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်ထက်မြက်သည့် "လူငယ်တွေရဲ့အား" နှင့် တည်ဆောက်မှ ရနိုင်မည်ဖြစ်ကြောင်း၊ လူငယ်များသည် အသိဉာဏ်ပညာပြည့်ဝသည့် ပညာတတ်များဖြစ်ရန် လိုအပ်သလို နိုင်ငံတော်အနေဖြင့်လည်း ထူးချွန်ထက်မြက်သည့်ပညာတတ်လူငယ်များကို အစဉ်ချီးမြှောက် ဂုဏ်ပြုပေးလျက်ရှိကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အဆင့် ဆုချီးမြှင့်ခြင်းကို အစဉ်အလာကောင်းတစ်ရပ်အနေဖြင့် ယခုကဲ့သို့ ဒုတိယအကြိမ်မြောက် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း။

"ပညာ" ဆိုသည်မှာ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို သိရှိနားလည်ပြီး စဉ်းစားတွေးခေါ် ဝေဖန်ပိုင်းခြားနိုင်သည့် **"အသိဉာဏ်"** ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း အသိဉာဏ်ပညာ ပြည့်စုံကြမှသာ နိုင်ငံ့အကျိုးသယ်ပိုးနိုင်သည့် စစ်မှန်သည့် အင်အားတစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော် စဉ်ဆက်မပြတ် တိုးတက်ခိုင်မာစေရန် အဓိကမဏ္ဍိုင်တစ်ခုဖြစ်သည့် **"အမျိုးသားပညာရေးကဏ္ဍ"** ကို ပညာရေးဝန်ကြီးဌာနက တာဝန်ယူပုံဖော်ပေးနေသကဲ့သို့ ပညာရေးဝန်ထမ်းများကလည်း နိုင်ငံသားတိုင်း ပညာအလင်းရရှိစေရန်၊ ပညာရည်မြင့်မားစေရန်၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ကျရာကဏ္ဍမှ ပြည်သူ့အကျိုးကို သယ်ပိုးနေသည့် နိုင်ငံ့ဝန်ထမ်းများပင်ဖြစ်ကြောင်း၊ တစ်နည်းဆိုပါက ပညာရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို **"အမျိုးသားရေးတာဝန်တစ်ရပ်"** အနေဖြင့် သစ္စာရှိရှိ၊ တာဝန်ကျေကျေ ဦးလည်မသုန် ထမ်းဆောင်နေကြခြင်းဖြစ်၍ ပညာရေးဝန်ထမ်းများကိုလည်း အသိအမှတ်ပြုကြောင်းကို ပြောကြားလိုကြောင်း။

ပညာရေးသည် တစ်ဦးတစ်ယောက်ချင်းအတွက် အရေးကြီးရုံသာမက လူ့ပတ်ဝန်းကျင်နှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အဓိကကျကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်မည်ဆိုပါက ရွေးချယ်မှုနှင့် ဒီမိုကရေစီ သဘောတရားများ လက်တွေ့အကောင်အထည်ဖော်ရာတွင် ပညာတတ်မြောက်မှု မြင့်မားရန်လိုကြောင်း၊ ဒီမိုကရေစီစနစ်နှင့်ကိုက်ညီမည့် အသိဉာဏ်၊ ဗဟုသုတ၊ အတွေးအခေါ် ရှိကြရန်လိုကြောင်း၊ ထို့ကြောင့် လူငယ်များအတွက် အတတ်ပညာသာမက အသိပညာ ဗဟုသုတပြည့်ဝရေးသည် နိုင်ငံအတွက် အလွန်အရေးကြီးကြောင်းကို အသိပေးပြောကြားလိုကြောင်း။

ယခုနှစ်တွင် အင်အားပြင်းထန်သည့် မန္တလေးငလျင်ကြီး၏ ဆိုးရွားသည့် ရိုက်ခတ်မှုဒဏ်ကို ခံစားခဲ့ရသော်လည်း နိုင်ငံတော်နှင့် ပြည်သူများ၏ တက်ညီလက်ညီ ပူးပေါင်းလုပ်ဆောင်မှုများဖြင့် အခက်အခဲများ၊ အဟန့်အတားများကို တုံ့ဆိုင်းမှုမရှိ ကျော်လွှားနိုင်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့အပြင် တက္ကသိုလ်များ၊ ကျောင်းများကို အခက်အခဲများကြားမှ အတတ်နိုင်ဆုံး မရပ်မနား ပုံမှန်ဖြစ်အောင် ဖွင့်လှစ်ပြီး အန္တရာယ်များကြားက စိတ်ကောင်း စေတနာများဖြင့် သင်ကြားရေး အဆက်မပြတ်အောင် ကြိုးစားဆောင်ရွက်ခဲ့ခြင်းများ၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရှိန်အဟုန်မပျက် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းများသည် ပညာရေးသမိုင်းတွင် မှတ်တမ်းကောင်းတစ်ခုအဖြစ် ဂုဏ်ယူရမည် ဖြစ်ကြောင်း။

ထိုသို့ အခက်အခဲများကြားက ရုန်းထပြီး စစ်မှန်သည့် အရည်အသွေးနှင့် အရည်အချင်းကို ထုတ်ဖော်ပြနိုင်ခဲ့သည့် အတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်ရာခိုင်နှုန်းသည် ၄၈ ဒသမ ၀၆ ရာခိုင်နှုန်းရှိခဲ့ပြီး ဘာသာစုံဂုဏ်ထူးရှင် ၁၉၆ ဦးအထိ ပေါ်ထွက်လာခဲ့ကြောင်း။

စာမျက်နှာ ၄ သို့ »»»

❖ နိုင်ငံတော် စဉ်ဆက်မပြတ် တိုးတက်ခိုင်မာစေရန် အဓိကမဏ္ဍိုင်တစ်ခုဖြစ်သည့် "အမျိုးသားပညာရေးကဏ္ဍ" ကို ပညာရေးဝန်ကြီးဌာနက တာဝန်ယူပုံဖော်ပေးနေသကဲ့သို့ ပညာရေးဝန်ထမ်းများကလည်း နိုင်ငံသားတိုင်း ပညာအလင်းရရှိစေရန်၊ ပညာရည်မြင့်မားစေရန်၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ကျရာကဏ္ဍမှ ပြည်သူ့အကျိုးကို သယ်ပိုးနေသည့် နိုင်ငံ့ဝန်ထမ်းများပင်ဖြစ်

❖ ပညာရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို "အမျိုးသားရေး တာဝန်တစ်ရပ်" အနေဖြင့် သစ္စာရှိရှိ၊ တာဝန်ကျေကျေ ဦးလည်မသုန် ထမ်းဆောင်နေကြခြင်းဖြစ်၍ ပညာရေးဝန်ထမ်းများကိုလည်း အသိအမှတ်ပြုကြောင်းကို ပြောကြားလို




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် မောင်ကြဲဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

»»» စာမျက်နှာ ၃ မှ

ယနေ့တွင် ဘာသာစုံဂုဏ်ထူးရှင်များကို ရွှေစင်တစ်ကျပ်သားဒင်္ဂါးပြား၊ ဘာသာတွဲအလိုက် အမှတ်အများဆုံး ရရှိသည့် ကျောင်းသား ကျောင်းသူ ၃၃ ဦးကို ရွှေစင်တစ်ကျပ်သားဒင်္ဂါးပြားများ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးသွားမည် ဖြစ်ကြောင်း၊ ဆုတန်ဖိုးပမာဏထက် ဆုရရှိသူများ၏ ကြိုးစားမှု၊ အောင်မြင်မှုဂုဏ်ဒြပ်နှင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍနှင့် ထူးချွန်ထက်မြက်သည့် လူငယ်များကို ဂုဏ်ပြုချီးမြှောက်လိုသည့် ဆန္ဒက အဆမတန် သာလွန်နေသည်ဆိုသည်ကို ပြောကြားလိုကြောင်း၊ ထို့အပြင် ယမန်နှစ်ကကဲ့သို့ ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိခဲ့ကြသည့် ထူးချွန်ကျောင်းသား ကျောင်းသူများကို ပြည်ပလေ့လာရေး ခရီးစဉ်များ စေလွှတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

ထူးချွန်မောင်မယ်များအနေဖြင့် အခြေခံပညာ သင်ယူစဉ်တွင် အလေ့အကျင့် ကောင်းများနှင့် အစွမ်းကုန်ကြိုးစားခဲ့ကြသလို အဆင့်မြင့်ပညာများကို ဆက်လက်သင်ယူရာတွင်လည်း မိမိတို့ ဝါသနာပါသည့်၊ စိတ်ဝင်စားသည့် ပညာရပ်များကို မှန်မှန်ကန်ကန် ရွေးချယ်ပြီး အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းသွားကြရန် တိုက်တွန်းလိုကြောင်း၊ အဆင့်မြင့်ပညာသင်ယူသည့်အခါတွင် သိပ္ပံဘာသာရပ်များကိုလေ့လာသင်ယူမည်ဆိုပါက နိုင်ငံ၏စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများကို အထောက်အကူ ပြုနိုင်မည်ဖြစ်သကဲ့သို့ ဝိဇ္ဇာဘာသာရပ်များကို လေ့လာ သင်ယူခြင်းအားဖြင့်လည်း မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ကာကွယ်ထိန်းသိမ်းမြှင့်တင်နိုင်မည်ဖြစ်ပြီး နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်နှစ်ခုစလုံးကို တန်ဖိုးထားလေ့လာကြရန် မှာကြားလိုကြောင်း။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည့်အတွက် နိုင်ငံ့အခင်းအကျင်းသာမက ကမ္ဘာ့အခင်းအကျင်းကိုပါ မျက်ခြည်မပြတ် လေ့လာနေရန်၊ မှန်ကန်သည့်အတွေးအမြင်များ ရှိရန်လိုအပ်ကြောင်း၊ သုတေသနအခြေပြု လေ့လာမှုများမှတစ်ဆင့် နိုင်ငံတော်၏ ဒစ်ဂျစ်တယ် စီးပွားရေးအဆောက်အအုံ ဖွံ့ဖြိုးလာစေရေး ကြိုးစားအားထုတ်ရမည်ဖြစ်ကြောင်း၊ သို့မှသာ မိမိနိုင်ငံသည် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ပြီး နောက်ကျမကျန်ရစ်မှာ ဖြစ်ကြောင်း။

ယနေ့ကမ္ဘာတွင် နည်းပညာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ လူမှုကွန်ရက်နှင့် မီဒီယာများ အသုံးပြုမှု များပြားလာကြောင်း၊ ထိုအထဲတွင် ကျင့်ဝတ်မဲ့ သတင်းတု သတင်းမှားများနှင့် လုပ်ကြံသတင်းများက လွဲမှားသည့်အတွေးအခေါ်၊ အယူအဆများ စိမ့်ဝင်လာနိုင်သည်ကို အသိ၊ သတိ၊ ဉာဏ်ပညာဖြင့် ဆင်ခြင်နေထိုင်ကြရန် လိုကြောင်း၊ လူငယ်များအနေဖြင့် ခေတ်ရေစီးကြောင်း အလိုက် ကောင်းမွန်သည့် တိုးတက်မှုနည်းလမ်းများကို ရှာဖွေရမည်ဖြစ်သကဲ့သို့ မြန်မာ့ရိုးရာ ယဉ်ကျေးမှု ဓလေ့စရိုက်များ မှေးမှိန်ပျောက်ကွယ် မသွားအောင် ထိန်းသိမ်းစောင့်ရှောက်ကြပါဟု မှာကြားလိုကြောင်း။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်စဉ်။

လူငယ်များအနေဖြင့် မိမိပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည့်အရာအားလုံးကိုဉာဏ်ပညာနှင့် ဆန်းစစ်၊ သုံးသပ်၊ ဆုံးဖြတ်ဆောင်ရွက်နိုင်ရန် အတွက် ကျောင်းသင်ခန်းစာများ၊ ဘဝအတွေ့အကြုံများကနေ သင်ယူနိုင်သည့်အပြင် စာအုပ်စာပေ ဖတ်ရှုခြင်းမှတစ်ဆင့်လည်း လေ့လာသင်ယူ ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းများတွင် စာကြည့်တိုက်များ သက်ဝင်လှုပ်ရှားရန် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ လူငယ်များအနေဖြင့်လည်း အကျိုးရှိသည့် စာအုပ်စာပေများကို များများဖတ်ရှုကြရန် အလေးအနက်ထားပြီး မှာကြားလိုကြောင်း၊ ကျောင်းစာကြည့်တိုက်များတွင် အသက်အရွယ်နှင့် ပညာအဆင့်အလိုက် လေ့လာသင့်ပြီး အကျိုးရှိသည့် စာအုပ်စာစောင်များရှိအောင် ဖြည့်ဆည်းပေးရန်ကိုလည်း တာဝန်ရှိသူများက ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။





နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဝိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် မခိုင်သဇင်ထက်အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

ထူးချွန်မောင်မယ်များအနေဖြင့် မိမိအကျိုး၊ အများအကျိုးနှင့် နိုင်ငံ့အကျိုး သယ်ပိုးနိုင်သည့်သူဖြစ်ရန် ပထမဦးစွာ မိမိကိုယ်မိမိ ကောင်းမွန်အောင် ကြိုးစားကြရန်လိုအပ်ကြောင်း၊ မိဘ၊ ဆရာသမားတို့ကို ရိုသေလေးစားပြီး ကိုယ်နှုတ်အမူအရာ ယဉ်ကျေးသိမ်မွေ့သည့်လူတော်၊ လူကောင်း၊ လူလိမ္မာများဖြစ်အောင် ကျင့်ကြံနေထိုင်ကြရန်၊ မိမိတို့ ကိုးကွယ်သည့်ဘာသာတရား၏အဆုံးအမနှင့် တစ်ပါးသူအပေါ် ကိုယ်ချင်းစာတရား၊ သည်းခံခွင့်လွှတ်ခြင်းဆိုသည့် အခြေခံစိတ်ဓာတ်ကောင်းကို မွေးမြူကြရန်၊ အတ္တနှင့်ပရအကျိုးနှစ်ဝကို မျှမျှတတ လက်ခံကျင့်သုံးကာ ဘက်ပေါင်းစုံတွင် ထူးချွန် ထက်မြက်ပြီး ဂုဏ်ကျက်သရေ တင့်တယ်သည့် နိုင်ငံ့သားကောင်းများ အဖြစ်မှသည် ကမ္ဘာ့သားကောင်းများဖြစ်အောင် ကြိုးစားကြရန် အလေးအနက်ထား တိုက်တွန်းမှာကြားလိုကြောင်း။

ထို့အပြင် ယနေ့အချိန်တွင် လူငယ်များ၏ အနာဂတ်ကို ဖျက်ဆီးနေသည့် မူးယစ်ဆေးဝါးကို အထူးရှောင်ကြဉ်ကြရန် မှာကြားလိုကြောင်း၊ "အာရောဂျံ ပရမံလာဘံ" ဆိုသည့်အတိုင်း ကျန်းမာခြင်းသည် လူတိုင်းအတွက် အရေးကြီးကြောင်း၊ ကျန်းမာသန်စွမ်းပြီး ပညာကို ဘဝတစ်လျှောက် သင်ယူနိုင်ရန် ကိုယ်လက်လှုပ်ရှား အားကစားကို လေ့လာလိုက်စားကြရန် လိုကြောင်း၊ ထို့ကြောင့် "ဗလငါးတန်" နှင့် ပြည့်စုံသည့် လူငယ်များဖြစ်အောင်ကြိုးစားပြီး ကျင့်ကြံနေထိုင်ကြရန် မှာကြားလိုကြောင်း။

အမျိုးသားစည်းကမ်းအစစာသင်ကျောင်းကဆိုသည့် ဆောင်ပုဒ်အတိုင်း KG+12 ပြီးမြောက်အောင်မြင်ခဲ့ကြသူများဖြစ်၍ ၁၂ နှစ်တာကာလ စည်းကမ်း စနစ်တကျနှင့် လေ့လာနေထိုင် ကြိုးစားအားထုတ်သည့် အလေ့အကျင့်ကောင်းများ ရကြသူများဖြစ်ကြပြီး အဆိုပါ အလေ့အကျင့်သည့် မိမိဘဝတိုးတက်မှုကို များစွာ အထောက်အကူပြုစေမှာ ဖြစ်ကြောင်း။

လူ့ရယ်လို့ ဖြစ်လာပါက စည်းကမ်းရှိရန်၊ ဥပဒေများကို လေးစား လိုက်နာတတ်ရန်လိုကြောင်း၊ စည်းကမ်းရှိမှသာ ဥပဒေကို လေးစားလိုက်နာမှာဖြစ်ကြောင်း၊ စည်းကမ်းမရှိက ဥပဒေကို ဖောက်ဖျက်မိမှာ ဖြစ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် စည်းကမ်းများ၊ ဥပဒေများကို လေးစားလိုက်နာမှသာ ဘေးအန္တရာယ်ကင်းပြီး တန်ဖိုးရှိသည့် နိုင်ငံ့သားကောင်းများ ဖြစ်လာမှာဖြစ်ကြောင်း၊ ထို့ကြောင့် ဥပဒေနှင့်ပတ်သက်ပြီး သိသင့်သိထိုက်သည့် အကြောင်းအရာများကို ငယ်စဉ်ကတည်းက သိရှိစွဲမြဲနိုင်အောင် အခြေခံပညာ ကျောင်းများတွင် အလေးထား သင်ကြားပေးစေလိုကြောင်း။

ကျောင်းသားလူငယ်များသည် မျိုးချစ်စိတ်၊ တိုင်းချစ် ပြည်ချစ်စိတ်ရှိပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့်မိမိတို့နိုင်ငံ၏ကောင်းမြတ်သည့် ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းအစဉ်အလာများ၊ သမိုင်းကြောင်းများကိုလေးစား တန်ဖိုးထားတတ်ရန်လိုကြောင်း၊ ထို့ကြောင့် အခြေခံပညာကျောင်းများတွင်နိုင်ငံတော်အလံ အလေးပြုခြင်း၏ အဓိပ္ပာယ်နှင့် နိုင်ငံတော်သီချင်း၏ အနှစ်သာရကို ကောင်းစွာသိရှိပြီး စနစ်တကျ သီဆိုတတ်အောင် လေ့ကျင့်သင်ကြားပေးခြင်း အပါအဝင် လူငယ်များ၏ စိတ်ကိုပါ ပြုပြင်ပေးကြရန် လိုကြောင်း။

လူငယ်များအနေဖြင့် သစ်တောသစ်ပင်များကို ချစ်မြတ်နိုးပြီး ကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို ထိန်းသိမ်းကြရန်နှင့် သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေး လုပ်ငန်းများတွင် တတ်အားသရွေ့ ပါဝင်ကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်နှင့် ပြည်သူများအတွက် မကြာမီတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး

စာမျက်နှာ ၅ သို့ »»»

»»» စာမျက်နှာ ၄ မှ

ကျင်းပတော့မည် ဖြစ်ကြောင်း၊ ပြည်သူများ မျှော်လင့်နေသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ဖော်ဆောင်မည်ဆိုပါက ရွေးကောက်ပွဲသည် အဓိကကျကြောင်း၊ ထို့ကြောင့်လည်း မိမိတို့အနေဖြင့်ရွေးကောက်ပွဲကို ယခုနှစ် ဒီဇင်ဘာလ ၂၈ ရက်ကစပြီး ကျင်းပပေးသွားမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပြီးပါက ထွက်ပေါ်လာသည့်အစိုးရကို နိုင်ငံ့တာဝန် လွှဲပေးသွားမည်ဖြစ်ကြောင်း။

ထို့ကြောင့် မကြာမီကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့် ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရန်၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန်၊ မသမာမှုကင်းရှင်းသည့် ရွေးကောက်ပွဲဖြစ်ရန်၊ သိက္ခာရှိသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် လွှတ်တော်များ ဖြစ်စေရေး တတ်နိုင်သမျှ ပြည့်စုံအောင် ကြိုတင်စီမံ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အသက်ပြည့်မီသည့် ကျောင်းသား ကျောင်းသူများအပါအဝင် မိဘပြည်သူများ၊ တိုင်းရင်းသားပြည်သူများ အားလုံးအနေဖြင့် ရွေးကောက်ပွဲ၏ အခြေအနေနှင့် အနှစ်သာရကို သိရှိကြပြီး မဲပေးခွင့်ရှိသူများ၏ အခွင့်အရေး မဆုံးရှုံးရအောင် ဆန္ဒမဲပေးကြရန် မှာကြားလိုကြောင်း၊ နိုင်ငံတော်ကို ဒီမိုကရေစီစနစ် ကူးပြောင်းရေးတွင် နိုင်ငံသားတစ်ယောက် ရသင့်သည့် အခွင့်အရေး လက်လွတ်မခံသင့်ကြောင်းကို ပြောကြားလိုကြောင်း။

နောက်တစ်ချက် အနေဖြင့် ရွေးကောက်ပွဲကို ဖျက်လိုဖျက်ဆီး လုပ်နေသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များလည်း ရှိနေကြောင်း၊ ၎င်းတို့သည် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်ယှက်ဖျက်ဆီး ဟန့်တားခြင်းပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီ နိုင်ငံတော် တည်ဆောက်ရန် အဓိကဖြစ်သည့် ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် အဖျက်အမှောင့်လုပ်ရပ်များကို ထိန်းသိမ်းကာကွယ်သွားကြရန်၊ ပြည်သူအားလုံးပါဝင်ရန်နှင့် ပူးပေါင်းရန်လိုကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားပြည်သူအားလုံးက ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်ကိုလည်း တိုက်တွန်း ပြောကြားလိုကြောင်း။

ပညာရေးဝန်ထမ်းများ အနေဖြင့် လက်ရှိပညာရေးစနစ်ကို ပြန်လည် လေ့လာသုံးသပ်ပြီး အရည်အသွေး အာမခံမှုရှိသည့် ပညာရေးစနစ် ထူထောင်နိုင်ရန်နှင့် နိုင်ငံကို အကျိုးပြုနိုင်သည့် ပညာတတ် လူငယ်အရေအတွက်များစွာ ပေါ်ထွက်လာအောင် ကြိုးစားဆောင်ရွက်ကြရန်၊ ထူးချွန်မောင်မယ်တွေအနေဖြင့် နိုင်ငံ့ပုံရိပ်ကို ပညာဖြင့် မြှင့်တင်ပေးနိုင်အောင် ဆက်လက်ကြိုးစားသွားကြရန်နှင့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်မှာ နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြောင်းကို လေးလေးနက်နက် ခံယူပြီး တိုင်းပြည်တည်ဆောက်ရေးတွင် ကျရာအခန်းကဏ္ဍကနေ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး ရရှိသည့် ကျောင်းသား ကျောင်းသူ ၁၃ ဦးအား တစ်ဦးချင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ဝိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် ကျောင်းသား ကျောင်းသူ ၁၀ ဦးအား တစ်ဦးချင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဘာသာစုံဂုဏ်ထူးရရှိသည့် မောင်ထူးအောင်ဝင်းအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက ဝိဇ္ဇာဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး ရရှိသည့် ကျောင်းသား ကျောင်းသူ ၁၀ ဦးအား လည်းကောင်း၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ဘာသာစုံဂုဏ်ထူး ရရှိသည့် ကျောင်းသား ကျောင်းသူ ၁၀ ဦးအားလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌတို့က ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများအား တစ်ဦးချင်း ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက "လူချွန်လူကောင်း" တေးသရုပ်ဖော် တင်ဆက်မှုဖြင့် လည်းကောင်း၊ "မြန်မာ့ကျောင်း" တေးသီချင်းကို သီဆို၍လည်းကောင်း ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၃၃ ဦးနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြသည်။ နေ့လယ်စာ သုံးဆောင်နေစဉ် အတွင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။ နေ့လယ်စာသုံးဆောင်အပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများအား လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ ပညာရေးသည် တစ်ဦးတစ်ယောက်ချင်းအတွက် အရေးကြီးရုံသာမက လူ့ပတ်ဝန်းကျင်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အဓိကကျ
❖ ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်မည်ဆိုပါက ရွေးချယ်မှုနှင့် ဒီမိုကရေစီသဘောတရားများ လက်တွေ့အကောင်အထည်ဖော်ရာတွင် ပညာတတ်မြောက်မှုမြင့်မားရန်လို
❖ ဒီမိုကရေစီစနစ်နှင့် ကိုက်ညီမည့် အသိဉာဏ်၊ ဗဟုသုတ၊ အတွေးအခေါ်ရှိကြရန်လို၊ လူငယ်များအတွက် အတတ်ပညာသာမက အသိပညာဗဟုသုတ ပြည့်ဝရေးသည် နိုင်ငံအတွက် အလွန်အရေးကြီး

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများနှင့် တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၄

ကျောင်းသား ကျောင်းသူများကို မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန်အတွက် နိုင်ငံတော်သီချင်း သီဆိုခြင်း၊ နိုင်ငံတော်အလံအလေးပြုခြင်းများကို မပျက်မကွက်ဆောင်ရွက်ကြရန် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ယနေ့ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်တို့နှင့်အတူ ပညာရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။



ထို့ပြင် ပြည်ထောင်စုဝန်ကြီးက သင်ကြားသင်ယူမှုနှင့်ပတ်သက်၍ လာမည့်နှစ်များတွင် ကျောင်းများ၌ ဘာသာစုံဂုဏ်ထူးထွက်သည့် ကျောင်းသားကျောင်းသူများ အချိုးညီမျှစွာမွေးထုတ်ပေးနိုင်ရေး ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများအားလုံး ညှိနှိုင်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အရည်အသွေးရှိပြီး ထူးချွန်သည့် ကျောင်းသား ကျောင်းသူများဖြစ်လာစေရေးအတွက် ပံ့ပိုးဖြည့်ဆည်းပေးနိုင်မည့်နည်းလမ်းများကို စဉ်းစားကြစေလိုကြောင်း၊ တန်းစဉ်ကူးပြောင်းမှုနှုန်း ကျဆင်းနေမှုကို ဖြေရှင်းနိုင်ရေးအတွက် ပညာရေးမှူးများအနေဖြင့် ကျောင်းအုပ်ကြီးများနှင့်တွေ့ဆုံ၍ အဖြေရှာပြီး ပြန်လည်တင်ပြစေလိုပါကြောင်း။

ကျောင်းပြောင်း TC လက်မှတ်များ ထုတ်ပေးရာတွင် ကျောင်းအုပ်ကြီးများကို ကြီးကြပ်ရမည်ဖြစ်ပါကြောင်း၊ ပြောင်းရွှေ့ခွင့်ဆောင်ရွက်ရာတွင် တူညီသည့်မှုများကို တစ်သမတ်တည်းချမှတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပြင်ဆင်သင့်သည့် ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များကို ပြင်ဆင်သင့်ပါက ပြင်ဆင်ရမည်ဖြစ်ရာ အခြေခံပညာနှင့်ပတ်သက်သည့် ညွှန်ကြားချက်များကို လိုအပ်သလို ပြင်ဆင်ရေးဆွဲသွားရမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကျောင်းများအနေဖြင့် အသစ်ဖွင့်လှစ်ရန် မှတ်ပုံတင်လျှောက်ထားလာပါက သတ်မှတ်ထားသောစံနှုန်းများဖြင့် တိကျစွာ တိုင်းတာစစ်ဆေးရမည်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် စည်းကမ်းရှိမှု၊ မူးယစ်ဆေးဝါး ကင်းရှင်းမှု၊ ဝတ်စားဆင်ယင်မှုနှင့် ဆရာ ဆရာမများအား ရိုသေလေးစားတန်ဖိုးထားမှုများကို အလေးထားလိုက်နာရန် တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများက အဓိကကြီးကြပ်စေလိုပါကြောင်း၊ အစိုးရကျောင်းများကဲ့သို့ ပုဂ္ဂလိကကျောင်းများတွင်လည်း ကျောင်းသားကျောင်းသူများကို ဖိဖိစီးစီးစာသင်ကြားရုံသာမက မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန်အတွက် နိုင်ငံတော်သီချင်းသီဆိုခြင်း၊ နိုင်ငံတော်အလံအလေးပြုခြင်းများကို လိုက်နာဆောင်ရွက်ကြရန် မြို့နယ်ပညာရေးမှူးများက အထူးအလေးထားကြပ်မတ်ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများက ကျောင်းသားကျောင်းသူများအား မှန်ကန်သည့်စိတ်ဓာတ်ကောင်းများ ရှိလာစေရေး၊ ခိုက်ရန်ဖြစ်ပွားခြင်း မရှိစေရေးအတွက် အထူးအလေးထားထိန်းသိမ်းကြရမည်ဖြစ်ပါကြောင်း၊ ကျောင်းပြင်ပပညာရေးနှင့်ပတ်သက်သည့်ကိစ္စရပ်များတွင် အလေးအနက်ထား၍ ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများက လက်ရှိလုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အိုဘယ့်ချင်းမိုင်(၉)

သန်းစိုးအောင်

ရတနာဆင်တော်က လမ်းဆုံရောက်တိုင်း 'လမ်းပန်'မြို့တွင်း သို့သာ သုံးကြိမ်တိုင်တိုင် ဝင်ရောက်ခဲ့သည်ဟု ဆိုသည်။ ဤသည်ကို ထောက်ရှုပြီး မြဘုရားသည် လမ်းပန်မြို့၌သာ စံပယ်လိုသည်ဟု ဘုရင်က အတွေးဝင်ခဲ့သည်။ သို့နှင့် မြဘုရားသည် အေဒီ ၁၄၆၈ ခုနှစ်အထိ ၃၂ နှစ်တိုင်အောင် လမ်းပန်မြို့တွင် စံပယ်တော်မူခဲ့ သည်။ အေဒီ ၁၅၅၁ ခုနှစ် ချင်းမိုင်ကို စိုးစံသော ဘုရင်သည် သားတော် မထွန်းကားသည့်အတွက် သမီးတော် တစ်ပါးကို လာအို ဘုရင်နှင့် စုလျားရစ်ပတ်ပြီး 'ချိုင်းချပ်သ'မင်းသားကို ဖွားမြင်ခဲ့သည် ဟု ဆိုသည်။ ဘိုးတော်ချင်းမိုင်ဘုရင် လွန်တော်မူသောအခါ ၁၅ နှစ်အရွယ်မင်းသားကို ထီးနန်းအပ်ခဲ့သည်။ သို့သော် မင်းသား၏ ခမည်းတော် လာအိုဘုရင် နတ်ရွာစံသောအခါ သူ၏ တိုင်းပြည်သို့ ပြန်ခဲ့သည်ဟု ဆိုသည်။ မင်းသားသည် အေဒီ ၁၅၅၉ ခုနှစ်တွင် မြဘုရားကို လာအိုနိုင်ငံမြို့တော် 'လူအန်ပရာဘန်'သို့ ပင့်ဆောင် သွားခဲ့သည်ဟု ဆိုသည်။

ချင်းမိုင်ရှိ ဝန်ကြီးများကို သူပြန်လာမည်ဟု ကတိပြုခဲ့သော် လည်း မပြန်ခဲ့သည့်အတွက် မြဘုရားသည် လူအန်ပရာဘန်တွင် ၁၂ နှစ်တိုင်တိုင် စံပယ်တော်မူခဲ့သည်။ အေဒီ ၁၅၆၄ တွင် အရှေ့ တောင်အာရှတစ်လွှားကို စစ်အောင်သော မြန်မာဘုရင် ဘုရင့်နောင် မင်းတရားကြီးကို မခုခံနိုင်သည့်အတွက် ချိုင်းချပ်သသည် သူ၏ မြို့တော်ကို 'ဗီယန်တိန်း'သို့ ပြောင်းရွှေ့ခဲ့သည်။ ထို့ကြောင့် မြ ဘုရားသည် ဗီယန်တိန်းမှာ နှစ်ပေါင်း ၂၁၄ နှစ်တိုင်အောင် စံပယ် ခဲ့ရသည်။

အေဒီ ၁၇၇၈ မှာ ဘန်ကောက်၏ ပထမရာမဘုရင်က ဗီယန် တိန်းကို သိမ်းပိုက်ပြီး မြဘုရားကိုလည်း ထိုင်းနိုင်ငံ ဘန်ကောက် သို့ ပင့်ဆောင်ခဲ့သည်။ မြို့တော်တည်ဆောက်ရာတွင် မြဘုရား စံကျောင်းတော်ကိုလည်း နန်းတော်အတွင်း ထည့်သွင်းတည်ဆောက် ခဲ့သည်။ ထိုအချိန်မှစ၍ မြဘုရားသည် ထိုင်းနိုင်ငံကို ကာကွယ် စောင့်ရှောက်ပေးသော တန်ခိုးကြီးဘုရား တစ်ဆူအဖြစ် ထိုင်းတို့ က မှတ်ယူခဲ့သည်။

**မျက်မှောက်ကာလအခြေအနေ**

မျက်မှောက်ကာလ ဘန်ကောက်မြို့တော်တွင် စံပယ်တော်မူ သော ဆင်းတုတော်ကို ပထမဦးစွာ 'သွန်ဘူရီ'မှ ဘန်ကောက်သို့ အေဒီ ၁၇၈၄ ခုနှစ်တွင် ပင့်ဆောင်ခဲ့ပြီး ရာမဘုရင်(၁)က တစ်နှစ် လျှင် နှစ်ကြိမ်၊ နွေနှင့် မိုးရာသီတွင် သင်္ကန်းကပ်လှူရှိသည်ဟု သိရသည်။ အေဒီ ၁၈၂၄ မှ ၁၈၅၀ အတွင်း ရာမဘုရင်(၃)က တစ်ကြိမ် ထပ်တိုးကာ ဆောင်းကာလတွင်ပါ သင်္ကန်းကပ်လှူခဲ့ သည်။ မျက်မှောက်ကာလတွင် တစ်ရာသီပုံစံတစ်မျိုး ကပ်လှူသည် ဟု ဆိုသည်။ ဘန်ကောက်မြို့တော်တွင် ကိန်းဝပ်စံပယ်သော မြဆင်း တု၏ ရင်တော်မှာ ၄၈ ဒသမ ၃ စင်တီမီတာရှိပြီး ဉာဏ်တော်အမြင့် မှာ ၆၆ စင်တီမီတာ ရှိလေသည်။ ဘယ်ခြေတော်အပေါ် ညာခြေ တော်တင်၍ ထိုင်နေတော်မူပုံဖြစ်သည်။

ကားဆရာ ဖိလိယူက ပြောပြသည်မှာ မြဘုရားကို ထိုင်းဘာ သာဖြင့် 'ဝပ်ကရပ်'ဟုခေါ်ကြောင်း၊ ဝပ်=ဘုရား၊ ကရပ်=ကျောက် စိမ်းကို ဆိုလိုကြောင်း၊ ကျောက်စိမ်းတုံးအစစ်ကို ထွင်းထုထား သော ဘုရားဖြစ်ကြောင်း သိရလေသည်။

**သုံးသပ်ချက်**

မြဘုရားနှင့်ပတ်သက်သော သမိုင်းကို လေ့လာသောအခါ မြ ဘုရားကို သီဟိုဠ်(သီရိလင်္ကာ)ဘုရင်က နှစ်နိုင်ငံ ချစ်ကြည်ရေး အဖြစ် မြန်မာနိုင်ငံ အနော်ရထာမင်းကြီးထံ ဆက်သသော ဆင်းတု တော်ဖြစ်ကြောင်း၊ ပုဂံပြည့်ရှင် အနော်ရထာမင်းမှာ အိမ်နီးချင်း နိုင်ငံများထက် အင်အားကြီးကြောင်း၊ ပထမမြန်မာနိုင်ငံတော်ကို အနော်ရထာမင်းကြီး စည်းလုံးမိချိန်၌ သီဟိုဠ်ပြည်၊ ယိုးဒယားပြည် ဇင်းမယ်(ချင်းမိုင်)ပြည်၊ လာအိုပြည်တို့မှာ မြို့ပြနိုင်ငံအဆင့်သာ ဖြစ်ကြောင်း သုံးသပ်ရသည်။

ဦးဘသန်း၏ မြန်မာရာဇဝင်တွင် ပုဂံပြည့်ရှင် အနော်ရထာ မင်းနှင့် သီဟိုဠ်နိုင်ငံ သခ်ဗောဓိမင်း(ခေါ်)ဓာတုသေနမင်းနှင့် ထီးပြိုင် နန်းပြိုင်ဖြစ်သည်ဟု ဆိုထားသဖြင့် အနော်ရထာမင်းထံ မြဘုရား ဆင်းတုတော်ကို ဆက်သသောမင်းမှာ သခ်ဗောဓိမင်းလောဟု တွေး ဆရသည်။ အနော်ရထာမင်း၏ ဩဇာအာဏာပျံ့နှံ့ရာကား မြန်မာ တစ်နိုင်ငံလုံးအပြင် ဇင်းမယ်၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ ကိုချင် ချိုင်းနား စသည့် သံလွင်မြစ်အရှေ့ဘက်ကမ်းရှိ တိုင်းပြည်များလည်း ပါဝင်သည်ဟု ဆိုထားသည်။

အနော်ရထာမင်းက မိမိထက် အင်အားနည်းသော လာအိုနိုင်ငံ ကို သံတမန်နည်းအားဖြင့်သော်လည်းကောင်း မြဘုရားကို မြန်မာနိုင်ငံသို့ ပင့်ဆောင်ရန် စွမ်းဆောင်နိုင်ပါလျက် လာအိုဘုရင်နှင့် ပြည်သူများ အတွက် သီဟိုဠ်ဘုရင်နှင့်အတူ ရေစက်ချပေးလှူခဲ့သည်။ သည့်အတွက် သီဟိုဠ်ဘုရင်နှင့် လာအိုဘုရင်နှစ်ပါးစလုံးက ဝမ်းသာကြည်နူးမှု ဖြစ်ရလေသည်။ ဘုရင်နှစ်ပါးစလုံးက အနော်ရထာမင်းကို ပိုမိုလေးစား ကြည်ညိုမည်မှာ အမှန်ဖြစ်ပေသည်။

တစ်ဖန် ခရစ်နှစ် ၁၅၆၄ ခုနှစ်တွင် လာရောက်တိုက်ခိုက်သော မြန်မာဘုရင် ဘုရင့်နောင်ကို လာအိုဘုရင်က မခုခံနိုင်ဟု ဆိုထားသည်။ ပညာရေးဝန်ကြီးဌာန ကျောင်းသုံးမြန်မာရာဇဝင်တွင် ခရစ်နှစ် ၁၅၆၃ ခုနှစ်တွင် ဘုရင့်နောင်သည် ယိုးဒယားသို့ ပထမအကြိမ် ချီတက်သည် ဟု ဆိုထားရာ ခရစ်နှစ် ၁၅၆၄ ခုနှစ်တွင် လာအိုကို ဘုရင့်နောင်၏ ဩဇာအရှိန်အဝါ လွှမ်းမိုးမည်မှာ အသေအချာဖြစ်သည်။ ၄င်းနောက် မြဘုရားသည် လာအိုနိုင်ငံ၌ နှစ်ပေါင်း ၂၁၄ နှစ်တိုင်တိုင် စံပယ် တော်မူကြောင်း မှန်ဝါးဝါးဆိုထားသည်။

သို့သော် ခရစ်နှစ် ၁၇၇၈ ခုနှစ် ထိုင်းဘုရင် ပထမရာမလက် ထက်မှစ၍ မျက်မှောက်ကာလတိုင် မြဘုရားသမိုင်းသည် ထင်ရှား သော သက်သေအခိုင်အမာရှိနေကြောင်း သုံးသပ်ရပေသည်။

**မယ့်ကချန် (Mae Kachan) ရေပူစမ်းသို့**

ကျွန်တော်တို့ ယဉ်ကျေးမှုနှင့် ဒေသန္တရလေ့လာရေးအဖွဲ့ ချင်းရိုင် မြို့ရှိ မြဘုရားကို ဖူးမြော်ကြည်ညိုပြီးနောက် ဂန္ဓကုဋီတိုက်တော်အဝင် စကြံလမ်းတစ်ဖက်တွင် ပြသထားသော ခေတ်အဆက်ဆက် ဗုဒ္ဓဆင်း တုတော်များ၊ ရပ်တော်မူ၊ ထိုင်တော်မူ၊ လျောင်းတော်မူ ဆင်းတုတော် များကို လေ့လာပြီးနောက် မယ့်ကချန်ရေပူစမ်းသို့ ခရီးဆက်ခဲ့ကြ သည်။ မယ့်ကချန်ရေပူစမ်းကား ချင်းရိုင်နှင့် ချင်းမိုင်ကြား ချင်းမိုင် မြို့မှ ၁၆ ကီလိုမီတာသာ ကွာဝေးတော့ကြောင်း သိရသည်။

ကားသည် စိမ်းစိုသော လယ်ကွင်းနှင့် မြို့ရွာဝန်းကျင်ကို ဖြတ် သန်းမောင်းနှင်နေသည်။ ယမန်နေ့ညက မိုးရွာပြီးနောက် ယနေ့ နံနက် ပိုင်း နေပူကာ အိုက်စပ်သလိုရှိသည်။ ကားမောင်းချိန် တစ်နာရီခန့် ကြာသောအခါ မယ့်ကချန်ရေပူစမ်းသို့ ရောက်ရှိလေသည်။ ကျွန်တော့် စိတ်တွင် မယ့်ကချန်ရေပူစမ်းသည် သာယာသော တောအုပ်နှင့်စမ်း ချောင်းကလေးဘေးတွင်ရှိမည်ဟု ထင်ခဲ့သည်။ ယခုမူ အထင်နှင့် အမြင်ကား လွဲချော်ပြီ။ မယ့်ကချန်ရေပူစမ်းသည် ကျွန်တော်ထင်သကဲ့ သို့ စမ်းချောင်းကလေးအနီးတွင်မရှိ။ ကားလမ်းမကြီးဘေး တိုက်နယ် ရွာကြီးအဆင့်ရှိသော ရွာထိပ်ကွင်းပြင်တွင် ရေပူထွက်သော နေရာ နှစ်ခုကို အင်္ဂတေဖြင့် ရေတွင်းကဲ့သို့ ဝိုင်းပတ်ထားလေသည်။

ရေပူစမ်းအနီး သစ်သားကျွန်းတိုင်ကြီးနှစ်ခုတွင် သစ်သားပြား ဆိုင်းဘုတ်နှင့် ရေပူစမ်းအမည်ကို နီညိုရောင်အောက်ခံ၍ ရွှေရောင် စာလုံးဖြင့် ရေထိုးထားသည်။ ထိုင်းဘာသာအပြင် အင်္ဂလိပ်ဘာသာ ဖြင့် HOTSPRING ပါတဲ့။

ရေပူစမ်းမှ ရေငွေ့တို့သည် ဝိုင်းပတ်ထားသော အင်္ဂတေအကာ အရံအတွင်းမှ အပေါ်သို့ ပျံတက်နေသည်။ အမှတ်တမဲ့ကြည့်မူ ဖန်တီး ထားလေသလားဟု ထင်မှတ်မှားနိုင်သည်။ ဖန်တီးထားခြင်းမဟုတ်၊ သဘာဝအတိုင်း ထွက်ရှိနေခြင်းဖြစ်သည်။ ငုံးဥ၊ ကြက်ဥများပြုတ်ပါ က တစ်ခဏနှင့် ကျက်လေတော့သည်။ ရေပူစမ်းကား မီတာ ၁၅၀ ခန့် ကျယ်ဝန်းသော ကွင်းပြင်အလယ်၌ တည်ရှိသည်ဟု မှန်းဆရ သည်။ ကွင်းပြင်ကို အင်္ဂတေအုတ်များဖြင့် စီထားသည်။ ဘေးပတ် လည်တွင် ရိုးရာစားသောက်ဆိုင်များ၊ ရိုးရာအဝတ်အထည်နှင့် ခေတ်မီ စတိုးဆိုင်တန်းများကို တွေ့မြင်ရလေသည်။ သည်အနေအထားကြောင့် သဘာဝစမ်းချောင်းကလေးဘေး ရေပူစမ်းတွင် ရေချိုးလိုက်ဦးမည် ဟူသော ကျွန်တော့် စိတ်ကူးအိပ်မက်လည်း ပျက်ပြယ်ပြီတကား။ အချိန်က နံနက် ၁၁ နာရီ ၄၅မိနစ်ရှိပါပြီ။ အားလုံးလည်း ဆာလောင် နေကြပြီဖြစ်၍ ဒေသရိုးရာစားသောက်ဆိုင်တစ်ခုသို့ ဝင်ခဲ့ကြလေသည်။ ဆိုင်က မကြီးမသေး ကျွန်တော်တို့အုပ်စုက ၂၅ယောက် စားပွဲဝိုင်း ငါးဝိုင်းတွင် ထိုင်လိုက်သည်နှင့် ဆိုင်ကပြည့်လုနီးပါးဖြစ်သွားသည်။ ဤဒေသရိုးရာဆိုင်ကလေး၏ နာမည်ကျော်ဟင်းလျာကား ဒေသရိုးရာ



ချင်းရိုင်မြို့ရှိ မြဘုရား။

ကြက်ကြော်ဖြစ်သည်။ အတွဲအဖက်ကား ယိုးဒယားဟင်းချိုနှင့် ပုစွန် ငါးပိထောင်းပင်။ အတော်ပင် မြန်မာပါးစပ်နှင့်နီးသော မြန်မာကြိုက် အစားအစာပင်။ မတင်းတိမ်နိုင်သူများအဖို့ ယိုးဒယားသင်္ဘောသီး ထောင်းကို သုံးဆောင်နိုင်သေးသည်။ ထို့ပြင် ဆိုင်တွင် တရုတ် ဟင်းလျာများကိုလည်း ရရှိနိုင်သေးသည်။

အချိန်ကလည်း မွန်းတည့်ချိန် အားလုံးကလည်း ဆာလောင် နေကြပြီမို့ ထမင်းဝိုင်းတွင် လိုအပ်သည်များကို လှမ်းပြောရင်း ခေါင်း မဖော်နိုင်အောင် လွေးကြတော့သည်။ မြင်ကွင်းက မြန်မာဆန်နေ လိုက်သည့်ဖြစ်ခြင်း ပွင့်ပွင့်လင်းလင်းပါပဲ။

ကျွန်တော်လည်း ထမင်းစားပြီး ရေနွေးကြမ်းတစ်ခွက်ကို မော့ သောက်ပြီးနောက် ကိုကျော်နိုင်ဝင်းနှင့်အတူ ရေပူစမ်းနှင့် မလှမ်း မကမ်းရှိ ထိုင်းရိုးရာအမှတ်တရ အထည်ဆိုင်များဘက်သို့ ခြေဦးလှည့် ခဲ့သည်။ အမျိုးသမီးတို့၏ အဝတ်အထည်ကား ဆန်းပြားလှသည်။ ကျွန်တော့်လို လူကြီးတစ်ယောက်အတွက် နားမလည်နိုင်ပါ။ သို့သော် ထိုင်းတို့၏ ရိုးရာအစစ်အမှန် ချည်ထည်ဖြစ်ခြင်း၊ ဒီဇိုင်းလှပခြင်း၊ ခရီးသွားအမှတ်တရဖြစ်ခြင်း၄ာ အရွယ်ရောက်တော့မည့် ၁၂ နှစ် သမီး မြေးမကလေးအတွက် ဒီဇိုင်းလှသော ဂါဝန်လေး တစ်ထည် ကို အနီးအနားရှိ မကေသီတို့အုပ်စုကို အကူအညီတောင်း၍ ဝယ်မိ လေသည်။

ထူးခြားသည်က စတိုးဆိုင်၊ အထည်ဆိုင်အချို့တွင် အလုပ်လုပ် နေသော မြန်မာမလေးများ ကြားဖူးခဲ့ပါသည်။ ယခုတော့ လက်တွေ့ ကြုံရသည်။ ရေခြား၊ မြေခြားမှာ မိသားစုနှင့် တကွဲတပြား လက်ရှိ အခြေအနေက အဆင်ပြေကြပါစေဟု ဆုတောင်းရုံမှတစ်ပါး။ တကယ်တော့ မယ့်ကချန်သည် ချင်းမိုင်မှ ၁၆ ကီလိုမီတာခန့်သာ ဝေးသဖြင့် ချင်းမိုင်၏ ဆင်ခြေဖုံးဟု ဆိုနိုင်သည်။ တကယ်တော့ မယ့်ကချန်သည် သဘာဝရေပူစမ်းကို အခြေပြု၍ ခရီးသွားလုပ်ငန်းကို လုပ်ကိုင်ခြင်းဖြစ်သည်။ စားသောက်ဆိုင်များတွင် တွေ့ရသော အသီး အနှံများ၊ ဂန္ဓမာ၊ ဒေလီယာ၊ နှင်းဆီ စသည့်ပန်းများ၊ အဝတ်အထည် ဆိုင်များတွင် တွေ့ရသော ရိုးရာချည်ထည်များသည် သဘာဝအခြေခံ သော ခရီးသွားလုပ်ငန်းနှင့် ကျေးလက်ကုန်ထုတ်လုပ်ငန်းကို ပေါင်း စပ်ထားခြင်းဟု သုံးသပ်ရသည်။ ကားဆရာ ဖိလိယူတို့ သုံးဦးက ရှေ့သို့ခရီးဆက်ရန် ခေါ်လေပြီ။

ယခုမူ ချင်းမိုင်ရှိ အနုပညာနှင့် နိဗ္ဗာန်ဘုံ (Art and Paradise) သို့ ခရီးဆက်ရပါဦးမည်။ နေရစ်တော့ မယ့်ကချန်ရေ။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အနုပညာရှင်များ ကယားပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို အားပေးနှုတ်ဆက်

လွိုင်ကော် ဩဂုတ် ၂၄

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အနုပညာရှင်များသည် ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့သို့ သွားရောက်၍ ဒေသတည်ငြိမ်အေးချမ်းမှုအခြေအနေများကို ကြည့်ရှုပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများအား တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်၍ ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

## ဒေသခံပြည်သူများက လှိုက်လှဲစွာကြိုဆို

ဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အနုပညာရှင်များအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ဟဲဟိုးမြို့မှ ကြိုဆိုနှုတ်ဆက်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကယားပြည်နယ် လွိုင်ကော်မြို့သို့ ဆက်လက်ထွက်ခွာရာ လွိုင်ကော်မြို့အဝင်၌ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများက လှိုက်လှဲစွာကြိုဆိုကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ကယားပြည်နယ်ဝန်ကြီးချုပ်တို့သည် အနုပညာရှင်များနှင့်အတူ လွိုင်ကော်မြို့ရှိ တန်ခိုးကြီး တောင်ကွဲစေတီတော်အား ဖူးမြော်ကြည်ညိုကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လွိုင်ကော်ခရိုင်ရုံး၌ ဝန်ထမ်းများကို အားပေးစကားပြောကြား၍ ထောက်ပံ့ငွေများ ပေးအပ်သည်။

ညပိုင်းတွင် အနုပညာရှင်များဖြစ်သည့် အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီ မေသန်းနု၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ ဒိန်းဒေါင်၊ အုန်းသီး၊ ငြိမ်းချမ်း၊ ယဉ်လတ်၊ သဥ္ဇာမြင့်မိုရ်၊ နေခြည်ငြိမ်းချမ်းနှင့် အနုပညာရှင်များက ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများအား တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ဖျော်ဖြေတင်ဆက်မှု အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

သတင်းစဉ်



အနုပညာရှင်များက ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများအား တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။



ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အနုပညာရှင်များအား လွိုင်ကော်မြို့အဝင်၌ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများက လှိုက်လှဲစွာ ကြိုဆိုကြစဉ်။



# တပ်ကုန်းမြို့၌ မီးဘေး၊ ရေဘေး အသိပညာပေး

တပ်ကုန်း ဩဂုတ် ၂၄

ပြည်ထောင်စုနယ်မြေ နေပြည်တော်တပ်ကုန်းမြို့နယ် ညောင်ပင်သာကျေးရွာတွင် ကျေးလက်မီးဘေးကြိုတင်ကာကွယ်ရေးမှအစ မီးဘေး၊ ရေဘေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်က မီးသတ်ဦးစီးဌာန၏ ရည်ရွယ်ချက်နှင့် မီးဘေး၊ ရေဘေး စသည့်ဘေးအန္တရာယ်ဆိုင်ရာများတွင် မီးသတ်ဦးစီးဌာနမှ ကူညီဆောင်ရွက်ရသည့် အကြောင်းရင်းများကို ရှင်းလင်းဟောပြောသည်။ ထို့နောက် ဦးစီးအရာရှိ ဒုတိယမီးသတ်ဦးစီးမှူး ဦးသော်ခန့်ဝေနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရေသန့်ဘူးအသက်ကယ်အင်္ကျီဝတ်ဆင်နည်း၊ ဘောကွင်းပစ်ကြိုးချည်နည်း၊ မီးချိတ်၊ မီးကပ်ထားရှိမှု အသုံးဝင်ပုံ လုပ်ဆောင်နည်း၊ မီးသတ်ဆေးဘူးအသုံးပြုနည်း၊ မီးသတ်ရေပုံးများဖြင့် လက်ဆင့်ကမ်း၍ မီးငြိမ်းသတ်နည်း၊ မီးချိတ်၊ မီးကပ်များဖြင့် လောင်စာများခွဲခြား ရိုက်ပုတ်ဖုံးအုပ် မီးငြိမ်းသတ်နည်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သင်ကြားပို့ချကာ အရေးပေါ်အသုံးပြုရန်အတွက် ရေသန့်ဘူးဖြင့် ပြုလုပ်ထားသည့် အသက်ကယ်အင်္ကျီများကို ကျေးရွာသူ ကျေးရွာသားများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်စိုးလွင်

# မကွေးတိုင်းဒေသကြီးတရားလွှတ်တော်တွင် (၂၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

မကွေး ဩဂုတ် ၂၄

ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ တရားသူကြီးများ/ ခရိုင်တရားသူကြီးများ၏ (၂၉)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မကွေးတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်မိမိမော်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေး ဦးစီးမှူး၊ မကွေးတိုင်းဒေသကြီး တရားလွှတ်တော်မှ တရားရေးအရာရှိများ၊ မကွေးခရိုင်၊ မင်းဘူးခရိုင်အတွင်းရှိ တရားသူကြီး ၃၇ ဦးနှင့် အွန်လိုင်းစနစ်ဖြင့် ပခုက္ကူခရိုင်၊ သရက်ခရိုင်၊ အောင်လံခရိုင်၊ ချောက်ခရိုင်၊ ဂန့်ဂေါခရိုင်အတွင်းရှိ တရားသူကြီး ၃၉ ဦး စုစုပေါင်း ၇၆ ဦး တက်ရောက်ကြသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်မိမိမော်က (၂၉)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး၌ ပြည်ထောင်စု တရားသူကြီးချုပ်က လမ်းညွှန်မှာကြားခဲ့သည့် တရားစီရင်ရေး၊ စီမံခန့်ခွဲရေး ကိစ္စရပ်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးပြီး ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် မိမိကျရာတာဝန်များ ကျေပွန်စွာဆောင်ရွက်ကြရေး၊ နိုင်ငံတော်၏ မူဝါဒ၊ ဦးတည်ချက်များနှင့် ဌာနက ချမှတ်ထားသော မူဝါဒ၊ ရည်မှန်းချက် လုပ်ငန်းတာဝန်များကို လိုက်နာဆောင်ရွက်ကြရေး၊ အမှုများကို ကြန့်ကြာမှုမရှိစေဘဲ ဥပဒေနှင့်အညီ မှန်ကန်မြန်ဆန်စွာ စစ်ဆေးစီရင်ဆောင်ရွက်ကြရေးနှင့် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း၏ တတိယနှစ် လုပ်ငန်းအစီအစဉ် (၂၀၂၅) အောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရေး တို့ကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၏ လမ်းညွှန်မှာကြားချက်များကို မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်သင်းသင်းချိုနှင့် ဒေါ်ခင်နှင်းထွေး့တို့က ထပ်ဆင့်ရှင်းလင်းမှာကြားပြီး ပြည်ထောင်စု တရားလွှတ်တော်ချုပ် အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က မှာကြားသည့် တရားစီရင်ရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်မာလာက ထပ်ဆင့်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ မောင်ခိုင်မင်း(ပြန်ဆက်)

**စာအုပ်စာပေ လူ့မိတ်ဆွေ ❖ စာပေမြင့်မှ လူမျိုးတင့်မည်**

# ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးအစည်းအဝေးသို့ တရုတ်သမ္မတ ရှီကျင့်ဖျင် တက်ရောက်ကာ ဆွေးနွေးသွားမည်



**ပေကျင်း ဩဂုတ် ၂၄**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည်လာမည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ကာ နိုင်ငံပေါင်း ၂၀ ကျော်နှင့် နိုင်ငံတကာအဖွဲ့အစည်း ၁၀ ခုကျော်မှ ခေါင်းဆောင်များနှင့်အတူ နိုင်ငံတကာ အဖွဲ့အစည်းအတွက် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တစ်ရပ်ကို ရေးဆွဲရန်၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီမှုများကို ခိုင်မာစေရန်နှင့် ထိုအဖွဲ့၏ ဘုံအနာဂတ်အသိုက်အဝန်းကို ပိုမိုနီးကပ်စေရန် ဆွေးနွေးသွားမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၁ ရက်အထိ တီယန်ကျင်းမြို့တွင် အဆိုပါ ထိပ်သီးအစည်းအဝေးကျင်းပမည့် အဖွဲ့အစည်းသည် လွန်ခဲ့သည့် ၂၄ နှစ်က တည်ထောင်ခဲ့ပြီး နောက်ပိုင်းတွင် အကြီးဆုံးသော စုဝေးပွဲဖြစ်ကြောင်း တရုတ်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး လျူပင်းက သောကြာနေ့တွင် ပေကျင်းမြို့၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

သမ္မတရှီကျင့်ဖျင်သည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင် နိုင်ငံတော်အကြီးအကဲများကောင်စီ၏(၂၅)ကြိမ်မြောက်အစည်းအဝေးနှင့် နောက်ဆက်တွဲအစည်းအဝေးကို သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမိကမိန့်ခွန်းများ ပြောကြားမည်ဖြစ်ကြောင်း လျူပင်းက ဖြည့်စွက်အတည်ပြုသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးအတွင်း ရှီသည် ခေတ်ကာလ၏ တောင်းဆိုမှုများကို တုံ့ပြန်ရန်အတွက် ဒေသဆိုင်ရာအဖွဲ့အစည်းသည် အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်အကျိုးပြုမှု၊ တန်းတူညီမျှမှု၊ ဆွေးနွေးတိုင်ပင်မှု၊ ယဉ်ကျေးမှုများ၏ ကွဲပြားမှုကိုလေးစားမှုနှင့် ဘုံဖွံ့ဖြိုးတိုးတက်မှုကို အလေးပေးသည့် ရှန်ဟိုင်းစိတ်ဓာတ်ကို မည်သို့ဆက်လက် မြှင့်တင်ရမည်ဆိုသည့် တရုတ်နိုင်ငံ၏ အတွေးအမြင်သစ်များနှင့် အဆိုပြုချက်များကို တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS နိုင်ငံတကာသတင်းများ

## ချန်အာ-၆ ယာဉ်သယ်ဆောင်လာခဲ့သော လရှိ မြေမှုန့်များထဲမှ မီးတောင်ပေါက်ကွဲမှုများ၏ အရင်းအမြစ်များကို ဖော်ထုတ်နိုင်ခဲ့



**ပေကျင်း ဩဂုတ် ၂၄**

တရုတ်နိုင်ငံ၏ ချန်အာ-၆ လလေ့လာရေးအာကာသယာဉ် သယ်ဆောင်လာခဲ့သော လရှိ မြေများကို သုတေသနပြုချက်အရ လပေါ်ရှိ မကြာသေးမီက ဖြစ်ပေါ်ခဲ့သော မီးတောင်ပေါက်ကွဲမှုများ၏ အရင်းအမြစ်များကို ဖော်ထုတ်နိုင်ခဲ့ပြီး ၎င်း၏လှုပ်ရှားမှုအတွက် အပူဒိုင်းနမစ်ယန္တရားကို အဆိုပြုခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

လပေါ်ရှိ မီးတောင်လှုပ်ရှားမှုများသည် လွန်ခဲ့သော နှစ်ပေါင်း သုံးဘီလီယံက ရပ်ဆိုင်းသွားပြီဟု ယခင်က သိပ္ပံပညာရှင်များ ယုံကြည်ခဲ့ကြသည်။

သို့ရာတွင် တရုတ်သိပ္ပံအကယ်ဒမီ၊ ကွမ်ကျိုဘူမိဓာတုဗေဒ အင်စတီကျူမှ ဝမ်ချန်ယွမ်နှင့် ပညာရှင် ရှုရီကန်းတို့ ဦးဆောင်သော သုတေသနအဖွဲ့က ချန်အာ-၆ နမူနာများတွင် ဘာဆဲလ်ကျောက်နှစ်မျိုးကို တွေ့ရှိခဲ့သည်။

ယင်းဘာဆဲလ်ကျောက်များသည် လွန်ခဲ့သော နှစ်ပေါင်း ၂ ဒသမ ၈ ဘီလီယံနှင့် ၂ ဒသမ ၉ ဘီလီယံခန့်က ဖြစ်ပေါ်ခဲ့ကြခြင်းဖြစ်ပြီး မတူညီသော ဖွဲ့စည်းမှုများရှိကာ မတူညီသောအနက်မှ စတင်ခဲ့ကြသည်။

တစ်မျိုးမှာ ကီလိုမီတာ ၁၂၀ ထက်ပိုသော အနက်ပိုင်းလအလွှာမှ ရရှိသည့် တိုက်တေနီယမ် အလွန်နည်းပါးသော ဘာဆဲလ်ကျောက်ဖြစ်ပြီး အခြားတစ်မျိုးမှာ ကီလိုမီတာ ၆၀ မှ ၈၀ ကြားရှိ ပိုမိုတိမ်သော အလွှာမှ ရရှိသည့် တိုက်တေနီယမ် ဘာဆဲလ်ကျောက်ဖြစ်ကြောင်း သိရသည်။

**Mon**

# ကာဇီမီယာ မာလီဗစ်ချ်၏ အများမသိသေးသော ပန်းချီကားသုံးချပ် ရိုမေးနီးယားနိုင်ငံ ဘူခါရက်စ်မြို့ရှိ ပြတိုက်တစ်ခုတွင် ပြသထား



**ဘူခါရက်စ် ဩဂုတ် ၂၄**

ရှေးခေတ်အနုပညာရှင် ကာဇီမီယာ မာလီဗစ်ချ်၏ ယခင်က အများမသိသေးသော ဆီဆေးပန်းချီကားသုံးချပ်ကို ရိုမေးနီးယားနိုင်ငံ ဘူခါရက်စ်မြို့ရှိ ပြတိုက်တစ်ခုတွင် ပြသထားကြောင်း သိရသည်။

အကယ်၍ ၎င်းတို့ အစစ်အမှန်ဖြစ်သည်ဟု သက်သေပြနိုင်ပါက ပေါင်သန်း ၁၀၀ ကျော် တန်ကြေးရှိနိုင်သည်ဟု ဆိုသည်။ သို့သော် ထိပ်တန်းပညာရှင်တစ်ဦးကမူ ၎င်းပန်းချီကားများ၏ မူရင်းဇာစ်မြစ်နောက်ကွယ်မှ အကြောင်းအရာသည် ပြဿနာရှိသည်ဟု ထောက်ပြသည်။

ယူကရိန်းနိုင်ငံဖွား ကာဇီမီယာမာလီဗစ်ချ်သည် ၂၀ ရာစုနှစ်တွင် ဩဇာအရှိဆုံး အနုပညာရှင်တစ်ဦးအဖြစ် သတ်မှတ်ခံရသည်။

အနုပညာဈေးကွက်တွင် ၎င်း၏ ပန်းချီကားများသည် အခြားမည်သည့် ယူကရိန်း သို့မဟုတ် ရုရှားအနုပညာရှင်များထက်မဆို တန်ဖိုးပိုမိုကြီးမားရာ ၂၀၁၈ ခုနှစ်တွင် ၎င်း၏လက်ရာတစ်ခုသည် အမေရိကန်ဒေါ်လာ ၈၅ သန်း(ပေါင် ၆၃ သန်း)ဖြင့် စံချိန်တင်ရောင်းချရခဲ့ကြောင်း သိရသည်။

**Mon**

# သီရိလင်္ကာနိုင်ငံ၌ ကျောင်းနေအရွယ်ကလေးများအတွက် ကိုယ်ကာယကျန်းမာကြံ့ခိုင်ရေးအစီအစဉ် စတင်မည်

**ကိုလံဘို ဩဂုတ် ၂၄**

သီရိလင်္ကာနိုင်ငံ ပညာရေးဝန်ကြီးဌာနက ကျောင်းသားများ၏ ကျန်းမာရေးမြှင့်တင်ရန် လှုပ်ရှားမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် နေ့စဉ်ကိုယ်ကာယကျန်းမာကြံ့ခိုင်ရေးအစီအစဉ်ကို စတင်မိတ်ဆက်သွားမည်ဟု အရာရှိများက ဩဂုတ် ၂၃ ရက်တွင် ပြောသည်။

ဝန်ကြီးချုပ် ဟာရီနီအမ်မရာဆူရီယာ ဦးဆောင်သော အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် ယခုလို ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်ကြောင်း ပညာရေးနှင့်အဆင့်မြင့်ပညာရေး ဒုတိယဝန်ကြီး မက်ဒူရာ ဆီနီဗရက်သနာက သတင်းထောက်များကို ပြောသည်။ အထူးသဖြင့် ကလေးများတွင် မကူးစက်နိုင်သောရောဂါများ အဖြစ်များလာခြင်းကြောင့် ကျန်းမာရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများတိုးလာမှုကို တုံ့ပြန်ရန် ယခုလို ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရေးအစီအစဉ်ကို မိတ်ဆက်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဝန်ကြီးဌာနနှစ်ခုသည် ကျောင်းအားကစားအဖွဲ့များနှင့် အမျိုးသားအားကစားအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ရန် ပူးတွဲကော်မတီကို ဖွဲ့စည်းသွားမည်ဟု ဆီနီဗရက်သနာ၏ ပြောကြားချက်အရ သိရသည်။ အဆိုပါကော်မတီသည် နည်းပြများရှားပါးမှုကိုဖြေရှင်းရန်နှင့် ကလေးများအတွက် အားကစားဆိုင်ရာလှုပ်ရှားမှုများ ဆက်လက်ပေါ်ပေါက်ရန် လုပ်ဆောင်သွားမည်ဖြစ်သည်။

သီရိလင်္ကာနိုင်ငံ၌ ကျောင်းနေအရွယ်ကလေးများတွင် မကူးစက်တတ်သောရောဂါများတိုးလာကြောင်း ကျန်းမာရေးအာဏာပိုင်များက ဖွန်လအတွင်း အစီရင်ခံပြီးနောက် ကြိုတင်ကာကွယ်ရေးအစီအမံများ လိုအပ်ကြောင်း အလေးပေးဖော်ပြခဲ့သည်။

**ဆင်ဟွာ**

# အာဖဂန်နစ္စတန်၌ စားရေရိက္ခာဖူလုံမှု အားကောင်းစေရန် ကြက်သွန်နီ အအေးခန်းသိုလှောင်ရုံပေါင်း ၁၂၀ ဆောက်လုပ်

**ကဘူးလ် ဩဂုတ် ၂၄**

အာဖဂန်နစ္စတန်နိုင်ငံ၌ ကမ္ဘာ့ဘဏ်၏ ငွေကြေးထောက်ပံ့ကူညီမှုနှင့်အတူ ပြည်နယ်အများအပြားတွင် ကြက်သွန်နီ အအေးခန်းသိုလှောင်ရုံ စုစုပေါင်း ၁၂၀ ဆောက်လုပ်လျက် ရှိကြောင်း ဒေသမီဒီယာ တိုလိုနယူးစ်၏ ဩဂုတ် ၂၄ ရက် ဖော်ပြချက်အရ သိရသည်။

အဆိုပါ အအေးခန်းသိုလှောင်ရုံများကို ပတ်တီယာ၊ ဂါဇနီ၊ ဒါအီကွန်ဒီ၊ ဘာဒက်ရှန်နှင့် ကန်ဒါဟာ စသည့်ပြည်နယ်များတွင် ဆောက်လုပ်လျက်ရှိပြီး သိုလှောင်ရုံတစ်ခုစီတွင် ကြက်သွန်နီ တန်ချိန် ၂၀ အထိ သိုလှောင်ထားနိုင်ကြောင်း သိရသည်။

ယင်းကဲ့သို့ အအေးခန်းသိုလှောင်ရုံများ ဆောက်လုပ်မှုက ရိတ်သိမ်းပြီးနောက် လေလွင့်ဆုံးရှုံးမှုများ လျှော့ချရာတွင် တောင်သူများကို ကူညီပေးနိုင်မည်ဖြစ်သည်။ ထို့အပြင် ဈေးကွက်ပေါက်ဈေးများကို တည်ငြိမ်မှုရှိစေမည့်အပြင် ကျေးလက်ဒေသများ၌ စားရေရိက္ခာဖူလုံမှု အားကောင်းစေရေးတို့တွင်လည်း ကူညီပေးနိုင်မည်ဖြစ်သည်။

အာဖဂန်နစ္စတန် နိုင်ငံရှိ ကြက်သွန်နီစိုက် တောင်သူများသည် ၎င်းတို့၏ ထွက်ကုန်များ ဆွေးမြည့်ပုပ်သိုးခြင်းမှ ကာကွယ်ရန်နှင့် ဝင်ငွေအခွင့်အလမ်းများ ပိုမိုရရှိစေရန်အတွက် အအေးခန်းသိုလှောင်ခန်းများ ဆောက်လုပ်ရန် တောင်းဆိုလျက်ရှိကြောင်း သိရသည်။



အာဖဂန်နစ္စတန် နိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသော်လည်း လုံလောက်သော သိုလှောင်ရုံနှင့် ဈေးကွက်ရရှိရေးတို့တွင် စိန်ခေါ်မှုများနှင့် မကြာခဏရင်ဆိုင်ကြုံတွေ့နေရသည်။

**ဆင်ဟွာ**

## လျှပ်စစ်ဘေး၊ ရေဘေး၊ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်

**ဇမ္ဗူသီရိ ဩဂုတ် ၂၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်အတွင်း လျှပ်စစ်ဘေး၊ ရေဘေးနှင့် မီးဘေးများဖြစ်ပေါ်လာပါက အချိန်နှင့် တစ်ပြေးညီ အနီးကပ်စီမံဆောင်ရွက်နိုင်ရေးအတွက် ယမန်နေ့ နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ Full Moon ကိုယ်ပိုင်ကျောင်း၌ လျှပ်စစ်ဘေး၊ ရေဘေး၊ မီးဘေးလုံခြုံရေးအသိ ပညာပေးဟောပြောပွဲနှင့် သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ လျှပ်စစ်ဘေးနှင့် ရေဘေးအပါအဝင် မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောခြင်း၊ မီးသတ်ဆေးဘူး အသုံးပြုခြင်း၊ ဆီမီးလောင်မှု၊ ဂက်စ်မီးလောင်မှု ငြိမ်းသတ်သရုပ်ပြခြင်းနှင့် သဘာဝဘေးအန္တရာယ် ကြုံတွေ့လာပါက ဘေးကင်းလွတ်မြောက်ရာသို့ စနစ်တကျထွက်ခွာခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့သည်။



ထို့သို့ သဏ္ဍာန်တူဇာတ်တိုက် လေ့ကျင့်ခန်းပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို မည်သို့တုံ့ပြန်ဆောင်ရွက်ရမည်ကို သိရှိထားရန် လိုအပ်သကဲ့သို့ ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ခန်းများ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ထို့ပြင် နေပြည်တော်ကောင်စီ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် သက်ဆိုင်ရာ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဝင်များ ဖြစ်ကြသော စီမံအုပ်ချုပ်ရေးအဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ၊ လူမှုရေးပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုလျော့နည်းစေရန်နှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်စေရေး ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

ဝ-ဝ-ဝ-ဝ-ဝ



## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်သရုပ်ပြလေ့ကျင့်

**မန္တလေး ဩဂုတ် ၂၄**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၅၃လမ်း၊ ၁၄၂လမ်းနှင့် ၁၄၃လမ်းကြားရှိ Grand Royal အရက်ချက်စက်ရုံတွင် ဩဂုတ် ၂၃ ရက် နံနက် ၉နာရီက မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်သရုပ်ပြလေ့ကျင့်ခဲ့သည်။

အဆိုပါ သရုပ်ပြလေ့ကျင့်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး ဦးဆောင်၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်သရုပ်ပြ လေ့ကျင့်ခြင်းများကို အရက်ချက်စက်ရုံရှိ ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

(အပေါ်ပုံ)

စင်မင်းမောင်

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လိုင်စင်မဲ့ မော်တော်ယာဉ်များအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဩဂုတ် ၂၄**

၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၀ ရက်နှင့် ၂၁ ရက်က စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့ရှိ မြို့နယ်အချို့၌ လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၀ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၄၀တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ဝက်ခုတ်ကျေးရွာနေ သိန်းဇော် ၃၇ နှစ် ဆိုသူ မောင်းနှင်လာသည့် MDY-16/3N---- TOYOTA HIJET မော်တော်ယာဉ်အားလည်းကောင်း၊ အလားတူ ည ၁၀ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က မြိတ်မြို့နယ်၊ ရေပုန်းရပ်ကွက်၊ စပါးရွှေဝါလမ်းပေါ်၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် အဆိုပါရပ်ကွက်နေ အောင်ကျော်ကျော်(ခ)သားငယ် ၃၂ နှစ် ဆိုသူ မောင်းနှင်လာသည့် YGN-17/6K---- HONDA INSIGHT မော်တော်ယာဉ်အားလည်းကောင်း။

ထို့အတူ ဩဂုတ် ၂၁ ရက် နံနက် ၈ နာရီ ၅၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ညောင်ပင်ဇင်ကျေးရွာရှိ ကံတလူစစ်ဆေးရေးဂိတ်၌ စစ်ကိုင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ကြက်သေချောင်းကျေးရွာနေ အောင်မျိုးမင်း ၂၆နှစ် ဆိုသူမောင်းနှင်လာသည့် MDY/RLG----- HILUX SURF မော်တော်ယာဉ်အားလည်းကောင်း။

ထို့အတူ မွန်းလွဲ ၁၂ နာရီခွဲတွင် ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ နမ္မတီးနယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က နမ္မတီးမြို့နယ်၊ မြို့ဦးရပ်ကွက်၊ မိုးကောင်း-မြစ်ကြီးနားပြည်ထောင်စုလမ်းမကြီး၊ ဆီဆိုင်လမ်းဆုံအနီး၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်၊ ရှင်ဗွေယန်မြို့၊ တရုံကျေးရွာနေ ဒန်ခေါင် ၂၇နှစ်ဆိုသူ မောင်းနှင်လာသည့် MDY-18/3K---- TOYOTA NOAH မော်တော်ယာဉ်၊ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဆိုင်းတောင်ကျေးရွာနေ လင်းကျော်မိုး ၃၄ နှစ် ဆိုသူ မောင်းနှင်လာသည့် YGN-18/4E----- TOYOTA CROWN မော်တော်ယာဉ်၊ မြစ်ကြီးနားမြို့နယ်၊ ရှမ်းစုတောင်ရပ်ကွက်နေ တင်မျိုးခိုင် ၄၅ နှစ် မောင်းနှင်လာသည့် YGN-38/5J---- TOYOTA CROWN မော်တော်ယာဉ်၊ မြစ်ကြီးနား မြို့နယ်၊ မန်ခိန်ရပ်ကွက်နေ ဒီချယ်ရဲ့ ၃၃ နှစ်ဆိုသူ မောင်းနှင်လာသည့် MDY-7/5G----- TOYOTA PROBOX မော်တော်ယာဉ်နှင့် တပ်ကုန်းရပ်ကွက်နေ မင်းသူ ၄၀ နှစ် ဆိုသူ မောင်းနှင်လာသည့် MDY-16/9P---- NISSAN ADVAN မော်တော်ယာဉ်တို့အားလည်းကောင်း ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါယာဉ်များနှင့် ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်များ ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သိန်းဇော်ပါ ရှစ်ဦးအား သက်ဆိုင်ရာရဲစခန်းအသီးသီး၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)






## ယာဉ်တိုက်မှုဖြစ်ပွားပြီး လမ်းယာဘက်သို့ ထိုးကျတိမ်းမှောက်ကာ မီးလောင်မှုဖြစ်ပွား

**ကျိုင်းတုံ ဩဂုတ် ၂၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့နယ်၊ တာချီလိတ်လမ်း၊ မိုင်တိုင်အမှတ်(၆၅၁)တွင် ဩဂုတ် ၂၂ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ ခန့်က ယာဉ်တိုက်မှုဖြစ်ပွားပြီး လမ်းယာဘက်သို့ ထိုးကျတိမ်းမှောက်ကာ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ကျိုင်းတုံခရိုင် မီးသတ်စခန်းမှ ရေသယ်ယာဉ်တစ်စီး၊ ကျိုင်းတုံမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် ထွက်ခွာငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ မိနစ် ၃၀ တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

(ဝ၄၅)

## တားဦးချွန်ကိုင်ဆောင်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ

**ပျော်ဘွယ် ဩဂုတ် ၂၄**

ဩဂုတ် ၂၀ရက်က မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၌ ဓားဦးချွန် ကိုင်ဆောင်ကာ သွားလာနေသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၀ ရက် ည ၁၂ နာရီခွဲတွင် ပျော်ဘွယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်း ဆောင်ရွက်နေစဉ် ပျော်ဘွယ်မြို့နယ်၊ မြင်းဘက်ရပ်ကွက်၊ နာရီစင်အနီးအရောက်၌ အဆိုပါရပ်ကွက်နေ ထွန်းထွန်းနိုင်(၃၆)နှစ်အား အရှိုး၊ အသွား ၁၀ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်း ကိုင်ဆောင်ကာ သွားလာနေသည်ကို စစ်ဆေးတွေ့ရှိ ဖမ်းဆီးရမိခဲ့သဖြင့် ထွန်းထွန်းနိုင် ဆိုသူအား ပျော်ဘွယ်မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

ဝ-ဝ-ဝ-ဝ-ဝ

## နှစ်လုံးထီ လောင်းကစားသူများအား ဖမ်းဆီးအရေးယူ

**တောင်ကြီး ဩဂုတ် ၂၄**

ဩဂုတ် ၂၁ ရက်က ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၌ နှစ်လုံးထီလောင်းကစားသူများအား ဖမ်းဆီးအရေးယူထားသည်။


ဖြစ်စဉ်မှာ ဩဂုတ် ၂၁ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ စဝ်စံထွန်းရပ်ကွက်ရှိ ------လက်ဖက်ရည်ဆိုင်အတွင်း၌ နှစ်လုံးထီ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ တောင်ကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ အဆိုပါဆိုင်အတွင်း၌ ဘုရားဖြူရပ်ကွက်နေ သူရ ၄၁နှစ်ဆိုသူအား နှစ်လုံးထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် သူရ ဆိုသူအား တောင်ကြီးနယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



TNLA အကြမ်းဖက်သောင်းကျန်းသူများက ဂုတ်ထိပ်တံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။

TNLA အကြမ်းဖက်သောင်းကျန်းသူများက ဂုတ်ထိပ်တံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှု




❖ စာမျက်နှာ ၂၄ မှ

ဂုတ်ထိပ်တံတားသည် တံတားအရှည်ပေ ၂၂၆၀၊ ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၁၁၀၀ တွင်ရှိပြီး သက်တမ်းအနေဖြင့် နှစ်ပေါင်း ၁၂၅ နှစ် သက်တမ်းရှိသည့် မီးရထားလမ်း တံတားတစ်ခုဖြစ်သည်။ မြန်မာပြည်၏ အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဟု မှတ်ကျောက်တင်ခံရပြီး ယင်းတံတားကို တည်ဆောက်သည့် နည်းပညာအဆင့်မြင့်မှုနှင့် သဘာဝပတ်ဝန်းကျင် လှပမှုတို့ကြောင့် ခေတ်အဆက်ဆက် ထင်ရှားကျော်ကြားခဲ့သော တံတားတစ်စင်းဖြစ်သဖြင့် ပြည်တွင်း/ပြည်ပ ခရီးသွားများလည်း အများအပြားလာရောက်ကြည့်ရှုလေ့လာသည့် တံတားတစ်စင်းလည်းဖြစ်သည်။

အဆိုပါ မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်သည့် ဂုတ်ထိပ်တံတားအား ခေတ်အဆက်ဆက်တွင် နိုင်ငံတော်အစိုးရနှင့် ဒေသခံပြည်သူများက လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ခဲ့ပြီး ကမ္ဘာ့အမွေအနှစ်စာရင်းများတွင်လည်း ပါဝင်ခဲ့သည်။

တပ်မတော်အနေဖြင့် TNLA အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် နောင်ချိုမြို့အား ပြည်သူလူထု၏ အားပေးထောက်ခံမှုနှင့်အတူ နယ်မြေသတင်းများ ထောက်လှမ်းရယူကာ တန်ပြန်တိုက်စစ်များဖြင့် အဆင့်ဆင့်တိုက်ခိုက်ခဲ့သောကြောင့် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့ ၁၂:၀၀ နာရီချိန်ခန့်တွင် နောင်ချိုမြို့ တစ်မြို့လုံးအား တပ်မတော်က အပြီးတိုင် အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူများသည် ဒေသခံပြည်သူများ၏ အားပေးထောက်ခံမှု မရရှိခြင်း၊ တပ်မတော်စစ်ကြောင်းများ၏ တန်ပြန်ထိုးစစ်များအား ဆက်လက်ခုခံနိုင်မှုမရှိခြင်းတို့ကြောင့် ထိခိုက်ကျဆုံးများစွာဖြင့် ကျောက်မဲမြို့နယ်ဘက်သို့ ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး **နောင်ချိုမြို့နယ် နောင်ချို -ကျောက်မဲ ကားလမ်း ဂုတ်တွင်း** အတက်လမ်းတွင်လည်းကောင်း၊ ဂုတ်ထိပ်တံတား **ကျောက်မဲမြို့ဘက်အခြမ်းတွင် လည်းကောင်း၊ ဂုတ်ထိပ်တံတားနှင့် ကျောက်မဲမြို့ကြားရှိ နောင်ပိန်ရွာတွင်လည်းကောင်း ယာယီအခြေပြု၍** အကြမ်းဖက်လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိရာ တပ်မတော်စစ်ကြောင်းများက နယ်မြေလုံခြုံရေးလုပ်ငန်းများကို စစ်နည်းဗျူဟာမြောက် ခက်ခဲကြမ်းတမ်း ပင်ပန်းစွာဖြင့် ရန်သူထင်မှတ်မထားသည့် လမ်းကြောင်းများမှ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့မှုများကြောင့် ဩဂုတ်လ ၂၃ ရက်နေ့တွင် နောင်ပိန်ရွာကို အပြီးတိုင်ပြန်လည်ထိန်းချုပ်ရချိန်၌ သောင်းကျန်းသူများအနေဖြင့် ကျေးရွာရှိ လူနေအိမ်များအား ယုတ်မာရက်စက်စွာဖြင့် မီးရှို့ဖျက်ဆီးခဲ့ကာ ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိုသို့ TNLA လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဆုတ်ခွာထွက်ပြေးစဉ် ယနေ့နံနက်ပိုင်းတွင် **မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားနှင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဂုတ်ထိပ်တံတားအား ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သောကြောင့် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ်(P – 16) နှင့် ကမ်းကပ်ခုံ (AB –2) နေရာတို့အကြား ပေ ၆၀ အရှည်ရှိတံတားသံပေါင်နေရာနှင့် တံတား၏ ကမ်းကပ်ခုံ(AB – 2)တို့ ပျက်စီးခဲ့ရသည်။**

ယင်းကဲ့သို့ TNLA လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် စစ်ရေးနှင့် မသက်ဆိုင်သည့် နိုင်ငံ၏အထင်ကရနှင့် သမိုင်းဝင်နေရာအား အသိဉာဏ်နည်းပါး ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့်လုပ်ရပ်အား ပြည်သူလူထုတစ်ရပ်လုံးက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် သောင်းကျန်းသူများ အမြစ်ပြတ်ချေမှုန်းရေးအတွက် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို လိုအပ်သလို ပြင်းပြင်းထန်ထန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်သို့ သယ်ဆောင်သည့် ငွေကျပ် ၁ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၅၆ ဒသမ ၃၆ ကီလို သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်သို့သယ်ဆောင်သည့် ငွေကျပ် ၁ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၅၆ ဒသမ ၃၆ ကီလိုကို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။




ဘိန်းဖြူများသယ်ဆောင်ခိုင်းသူ တရားခံ ဘောက်လာ (ခ) ဂျိမ်းဖောနှင့် မန္တလေးမြို့၌ တရားခံ မင်းမင်းဇော် (ခ) ကိုဇော်၊ ဇင်ကိုအောင် (ခ) အောင်သူ၊ ချစ်မင်းဟန် (ခ) အစွယ်တို့အား သိမ်းဆည်းရမိ ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၇ ရက် ည ၈ နာရီခွဲတွင် သတင်းအရ တောင်ကြီးမြို့ အေးသာယာကားကြီးဝင်းတွင် မူဆယ်မြို့နေ သိန်းထွန်းဦး (ခ) ဘိုဘိုက မန္တလေးသို့ လူမဲ့တန်ဆာဖြင့် တင်ပို့မည့် WATER COOLER ရှစ်လုံးအား ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ဘိန်းဖြူ ၇ ဒသမ ၀၂ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၁၀၅၃ သိန်း) ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ အလားတူ WATER COOLER များအတွင်း ဘိန်းဖြူများထည့်သွင်း၍ ကားဂိတ်များမှတစ်ဆင့် လူမဲ့တန်ဆာဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ တင်ပို့ထားကြောင်း သိရှိရသဖြင့် သိမ်းဆည်းရမိရေး ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၈ ရက် နံနက် ၈ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် မြို့ပတ်လမ်းရှိ ကုန်စည်ဂိတ်၌ မူဆယ်မြို့နေ ဇင်ကိုအောင် (ခ) အောင်သူအား WATER COOLER ၁၃ လုံးနှင့်အတူ သိမ်းဆည်းရမိခဲ့ပြီး ၎င်းတည်းခိုနေထိုင်သည့် အောင်မြေသာစံမြို့နယ် သီရိမန္တလာကားဝင်းအနီးရှိ တည်းခိုခန်းကို ဆက်လက်ရှာဖွေရာ မုံရွာမြို့ သလ္လာရပ်ကွက်နေ မင်းမင်းဇော် (ခ) ကိုဇော်နှင့်အတူ WATER COOLER ၁၀ လုံးကိုလည်းကောင်း၊ အောင်မြေသာစံမြို့နယ် သီရိမင်္ဂလာကားဝင်းရှိ ကားဂိတ်သို့ လူမဲ့တန်ဆာဖြင့် ပေးပို့ထားသော WATER COOLER ၁၁ လုံးနှင့် ချမ်းမြရွှေပြည် ကားဝင်းရှိ ကားဂိတ်မှ WATER COOLER ငါးလုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် မန္တလေးမြို့တွင် ကလေးမြို့သို့ ဆက်လက်ပို့ဆောင်မည့် WATER COOLER ၃၉ လုံးအတွင်းမှ ဘိန်းဖြူအလေးချိန် ၃၄ ဒသမ ၆၄ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၈၆၆၀) ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

စစ်ဆေးဖော်ထုတ်ချက်အရ ဇင်ကိုအောင် (ခ) အောင်သူနှင့် မင်းမင်းဇော်(ခ) ကိုဇော်တို့က အလားတူ WATER COOLER များအား မန္တလေးက ကလေးမြို့သို့ လူမဲ့တန်ဆာဖြင့် ပေးပို့ထားကြောင်း ဖော်ထုတ်သိရှိရသဖြင့် သိမ်းဆည်းရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ မုံရွာမြို့ မုံရွာတောင်ရပ်ကွက်ရှိ ကားဂိတ်တွင် WATER COOLER နှစ်လုံးကိုလည်းကောင်း၊ ၎င်းတို့ငှားရမ်းနေထိုင်သော မုံရွာမြို့ သလ္လာရပ်ကွက်ရှိ နေအိမ်အတွင်းမှ WATER COOLER ၁၄ လုံးကိုလည်းကောင်း ထပ်မံသိမ်းဆည်းရရှိခဲ့သဖြင့် မုံရွာမြို့၌ သိမ်းဆည်းရမိသည့် WATER COOLER ၁၆ လုံးအတွင်းမှ ဘိန်းဖြူအလေးချိန် ၁၄ ဒသမ ၇ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၇၃၅၀) ဖြစ်သဖြင့် သိမ်းဆည်းရမိမှု စုစုပေါင်း ဘိန်းဖြူ အလေးချိန် ၅၆ ဒသမ ၃၆ ကီလို(၎င်းဒေသတန်ဖိုး ငွေကျပ် ၁ ဒသမ ၇၀၆၃ ဘီလီယံ)ဖြစ်ကြောင်း။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဩဂုတ် ၈ ရက် နံနက် ၁၀ နာရီတွင် ဘိန်းဖြူများကို လားရှိုးမှ ကလေးသို့ တာဝန်ခံသယ်ဆောင်သူ ဘောက်လာ (ခ) ဂျိမ်းဖောအား မူဆယ်မြို့ ကောင်းမှုတံရပ်ကွက်ရှိ နေအိမ်တွင်လည်းကောင်း၊ မွန်းလွဲ ၁ နာရီခွဲတွင် ဘိန်းဖြူများကို ဝယ်ယူ၍ ကလေးမြို့သို့ သယ်ဆောင်ခိုင်းသူ စိန်းလျံထန်နှင့် အာကာလင်းတို့အား ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက်ရှိ နေအိမ်တွင်လည်းကောင်း၊ မန္တလေးမှကလေးသို့ ဘိန်းဖြူများ တာဝန်ခံသယ်ဆောင်သူ ချစ်မင်းဟန် (ခ) အစွယ်အား ဩဂုတ် ၁၂ ရက် မွန်းလွဲ ၃ နာရီတွင် အောင်မြေသာစံမြို့နယ် သီရိမာလာ (အရှေ့) ရပ်ကွက်တွင်လည်းကောင်း ဆက်လက်ဖော်ထုတ် သိမ်းဆည်းရမိခဲ့ကြောင်း။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဘိန်းဖြူများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ဝမ်စန့်ကျေးရွာနေ အိုက်ငင်းဦး (ခ) အိုက်ကျန်ဦး (ဖမ်းဆီးရန်ကျန်) ထံမှ ကလေးမြို့နေ လာလ်ပဲက်စိုင်း (ဖမ်းဆီးရန်ကျန်)နှင့် ဝူလ်မွေး(ဖမ်းဆီးရန်ကျန်) တို့က ဝယ်ယူ၍ ကလေးမြို့သို့ အဆင့်ဆင့်သယ်ဆောင် ရောင်းဝယ်ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် ထပ်မံအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




## မာ့ခ်ကာဆာဒိုကို ခေါ်ယူရန် ဝက်စ်ဟမ်းအသင်းဆွေးနွေး




**လန်ဒန် ဩဂုတ် ၂၄**

ဝက်စ်ဟမ်းအသင်းသည် ဘာစီလိုနာအသင်း ကွင်းလယ် ကစားသမား မာ့ခ်ကာဆာဒိုကို ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။

အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဘာစီလိုနာအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၆ပွဲကစားပြီး တစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝက်စ်ဟမ်းအသင်းက ခေါ်ယူရန် ဆွေးနွေးလာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား မာ့ခ်ကာဆာဒိုကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် ဝက်စ်ဟမ်းအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဘာစီလိုနာအသင်းထံမှ မာ့ခ်ကာဆာဒိုအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ခဲပုံ) (NGB)

## တိုင်လာဒစ်ဘလင်ကို ခေါ်ယူရန် အဲဗာတန်အသင်း သဘောတူညီမှုရရှိ

**လန်ဒန် ဩဂုတ် ၂၄**

အဲဗာတန်အသင်းသည် ဆောက်သမ်တန်အသင်း တောင်ပံကစားသမား တိုင်လာဒစ်ဘလင်ကို ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည်။

အသက်(၁၉)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် အဲဗာတန်အသင်းနှင့်အတူ ယခုရက်ပိုင်းအတွင်း လာရောက်ပူးပေါင်းကာ နှစ်ရှည်စာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။

တောင်ပံကစားသမား တိုင်လာဒစ်ဘလင်သည် ဆောက်သမ်တန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၃ပွဲကစားပြီး လေးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အဲဗာတန်အသင်းက ခေါ်ယူလာခြင်းဖြစ်သည်။

အဲဗာတန်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမားသစ်များ ခေါ်ယူအားဖြည့်သွားဦးမည်ဖြစ်သည်။

(အောက်ပုံ) (NGB)





## မန်စီးတီးအသင်းကို အနိုင်ရရှိခဲ့သည့်အတွက် အလွန်ကျေနပ်မိဟု နည်းပြ သောမတ်စ်ဖရန့်ပြောကြား

**လန်ဒန် ဩဂုတ် ၂၄**

ပရီးမီးယားလိဂ်ပွဲစဉ်(၂)အဖြစ် စပါးအသင်းက မန်စီးတီးအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်အပြီးတွင် နည်းပြ သောမတ်စ်ဖရန့်က ယခုနိုင်ပွဲအတွက် အလွန်ကျေနပ်မိကြောင်း၊ အသင်းကစားသမားများ၏ စွမ်းဆောင်ရည်ကိုလည်း ချီးကျူးကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

စပါးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၃၅မိနစ်တွင် ဘရန်နန်ဂျွန်ဆင်၊ ပွဲချိန် (၄၅+၂) မိနစ်တွင် ပယ်လ်ဟင်ဟာတို့က အသီးသီး သွင်းယူပေးခဲ့သည်။

နည်းပြ သောမတ်စ်ဖရန့်က "မန်စီးတီးအသင်းကို အနိုင်ရရှိလို့ အလွန်ကျေနပ်မိပါတယ်။ ဒီပွဲမှာ အသင်းကစားသမားတွေရဲ့ ခြေစွမ်းကလည်း တကယ်ကို အံ့မခန်းပါပဲ။ နောက်ထပ်လာမယ့် ပွဲတွေမှာလည်း ယခုလို နိုင်ပွဲတွေ ရရှိအောင် ဆက်လက်ကြိုးစားသွားမှာပါ။ အသင်းနဲ့အတူ ယခုနှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ် ချန်ပီယံဆုကြီးကိုလည်း ရယူသိမ်းပိုက်သွားမှာပါ" ဟု ပြောသည်။ (အပေါ်ပုံ) (NGB)

## အီဘရီချီအက်ဇေး အာဆင်နယ်အသင်းတွင် ကျော်နံပါတ်(၁၀)ဂျာစီ ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဩဂုတ် ၂၄**

ကွင်းလယ်တိုက်စစ်ကစားသမားသစ် အီဘရီချီအက်ဇေးသည် အာဆင်နယ်အသင်းတွင် ကျော်နံပါတ်(၁၀)ဂျာစီ ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ခရစ္စတယ်ပဲလေ့စ်အသင်းမှ အာဆင်နယ်အသင်းသို့ ၂၀၃၀ ပြည့်နှစ်အထိ စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား အီဘရီချီအက်ဇေးသည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆၇ ပွဲကစားပြီး ဂိုး ၄၀ အထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ အီဘရီချီအက်ဇေးက "ကျွန်တော် အာဆင်နယ်အသင်းမှာ ကျော်နံပါတ်(၁၀)ဂျာစီကို ဝတ်ဆင်ကစားသွားမှာပါ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း




ရယူသွားလိုပါတယ်။ ကျွန်တော့်ကို နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်" ဟု ပြောသည်။ (အပေါ်ပုံ) (NGB)

## 2025 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Marton Fucsovics တက်ရောက်

**ဝါရှင်တန် ဩဂုတ် ၂၄**

အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ဟန်ဂေရီတင်းနစ်ကစားသမား Marton Fucsovics တက်ရောက်ခဲ့သည်။

အဆိုပါ ဟန်ဂေရီတင်းနစ်ကစားသမား Marton Fucsovics သည် 2025 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အိမ်ရှင်အမေရိကန် တင်းနစ်ကစားသမား Sebastian Korda အား ၆-၄၊ ၆-၁ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။



2025 Winston Salem Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဟန်ဂေရီတင်းနစ်ကစားသမား Marton Fucsovics နှင့် နယ်သာလန်တင်းနစ်ကစားသမား Botic Van De Zandschulp တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (ခဲပုံ) (NGB)

## စီရော်နယ်လ်ဒို အယ်လ်နာဆာအသင်းကစားသမားဘဝ သွင်းဂိုးပေါင်း ဂိုး ၁၀၀ပြည့်မြောက်

**လန်ဒန် ဩဂုတ် ၂၄**

အယ်လ်နာဆာအသင်း တိုက်စစ်မှူး စီရော်နယ်လ်ဒို သည် အသင်းကစားသမားဘဝ သွင်းဂိုးပေါင်း ဂိုး ၁၀၀ ပြည့်မြောက်သည့် စံချိန်မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ဆော်ဒီစူပါဖလား ဗိုလ်လုပွဲစဉ်အဖြစ် အယ်လ်နာဆာအသင်းက အယ်လ်အာလီအသင်းကို ပင်နယ်တီ အဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပြီးနောက် ယခုလို သွင်းဂိုး ၁၀၀ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် အယ်လ်နာဆာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၃ပွဲကစားပြီး ဂိုး ၁၀၀ အထိ သွင်းယူထားသည်။

အသက်(၄၀)နှစ်အရွယ်ရှိ စီရော်နယ်လ်ဒိုက "ကျွန်တော် အယ်လ်နာဆာအသင်း ကစားသမားဘဝ သွင်းဂိုး ၁၀၀ ပြည့်မြောက်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဗိုလ်လုပွဲမှာ ရှုံးနိမ့်ပြီး ဆုဖလားနဲ့ လွဲချော်ခဲ့မှုကိုတော့ စိတ်မကောင်းဖြစ်မိပါတယ်" ဟု ပြောသည်။

(အောက်ပုံ) (NGB)




## အန်ဒီဂျူ့ဖ်ကို အင်တာမီလန်အသင်း ခေါ်ယူ

**မီလန် ဩဂုတ် ၂၄**

အင်တာမီလန်အသင်းသည် လန်းစ်အသင်း ကွင်းလယ်ကစားသမား အန်ဒီဂျူ့ဖ်ကို ယူရို ၂၅ သန်းဖြင့် ငါးနှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အင်တာမီလန်အသင်းတွင် ကျောနံပါတ် (၁၇)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား အန်ဒီဂျူ့ဖ်သည် လန်းစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၇ပွဲကစားပြီး နှစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အင်တာမီလန်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အင်တာမီလန်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမားကိုးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

(အောက်ပုံ) (NGB)



### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပွဲစဉ်-၁ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၆-၈-၂၀၂၅<br>အင်္ဂါနေ့ | နံနက် ၀၂:၀၀ နာရီ | (၁၂)နယူးကာဆယ် - လီဗာပူး(၄)<br>(D) (W) | နယူးကာဆယ် ၃-၃ လီဗာပူး<br>လီဗာပူး ၂-၀ နယူးကာဆယ် |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၅-၈-၂၀၂၅<br>တနင်္လာနေ့ | ည ၁၁:၃၀ နာရီ | အူဒီးနီးစ် - ဗီရိုနာ<br>(W,W,W,W,W) (W,W,D,L,W) | အူဒီးနီးစ် ၀-၁ ဗီရိုနာ<br>ဗီရိုနာ ၀-၀ အူဒီးနီးစ် |
| ၂၆-၈-၂၀၂၅<br>အင်္ဂါနေ့ | ။ | အင်တာမီလန် - တိုရီနို<br>(W,L,W,W,W) (W,L,L,L,W) | အင်တာမီလန် ၃-၂ တိုရီနို<br>တိုရီနို ၀-၂ အင်တာမီလန် |

### စပိန် လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပွဲစဉ်-၁ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၆-၈-၂၀၂၅<br>အင်္ဂါနေ့ | နံနက် ၀၀:၃၀ နာရီ | (၅)ဘီလ်ဘာအို - ဝယ်လက်ကာနို(၂)<br>(W) (W) | ဘီလ်ဘာအို ၃-၁ ဝယ်လက်ကာနို<br>ဝယ်လက်ကာနို ၁-၂ ဘီလ်ဘာအို |
| ။ | နံနက် ၀၂:၃၀ နာရီ | (၁၃)ဆီဗီလာ - ဂီတာဖေး(၄)<br>(L) (W) | ဆီဗီလာ ၁-၀ ဂီတာဖေး<br>ဂီတာဖေး ၀-၀ ဆီဗီလာ |




# ၂၀၂၅ ခုနှစ်၊ ရေနံမြေသခင်ဖိုးလှကြီးဒိုင်း အလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**မကွေး ဩဂုတ် ၂၄**

မကွေးတိုင်းဒေသကြီးတွင် ဘောလုံးအားကစားအောင်မြင်ဖွံ့ဖြိုးတိုးတက်ရန်၊ မျိုးဆက်သစ်ဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြစ်သည့် မြန်မာ့အားကစားအဆင့်အတန်းတိုးတက်မြင့်မားစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ်၊ ရေနံမြေသခင်ဖိုးလှကြီးဒိုင်း အလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက မကွေးတိုင်းဒေသကြီး တိုင်းအားကစားကွင်းတွင် ကျင်းပရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်ချုပ်သိန်းထွန်းဦး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရေနံမြေသခင်ဖိုးလှကြီးဒိုင်းအလွတ်တန်းဖိတ်ခေါ်ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် တောင်တွင်းကြီး FC အသင်းနှင့် Enjoy Brother FC တို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးရာ တောင်တွင်းကြီး FC အသင်းက Enjoy Brother FC အသင်းကို တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပထမဆုရရှိခဲ့သော တောင်တွင်းကြီး FC အသင်းအား မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်က သခင်ဖိုးလှကြီးဒိုင်းဆုကြီးနှင့် ငွေသားဆု ငွေကျပ် သိန်း ၁၀၀ အားလည်းကောင်း၊ ဒုတိယဆုရရှိသော Enjoy FC အသင်းအား နယ်မြေခံတပ်နယ်မှ ဗိုလ်ချုပ် သိန်းထွန်းဦးက တစ်ဦးချင်းဆွဲပြားနှင့် ငွေသားဆု ငွေကျပ် ၇၅ သိန်းအားလည်းကောင်း၊ အကောင်းဆုံးကစားသမားဆု၊ ရှေ့တန်းအကောင်းဆုံးကစားသမားဆု၊ အလယ်တန်းအကောင်းဆုံး ကစားသမားဆု၊ နောက်တန်းအကောင်းဆုံး ကစားသမားဆု၊ အကောင်းဆုံးဂိုးသမားဆုများကို တိုင်းဒေသကြီးဝန်ကြီးများက ဆုကလပ်နှင့် ငွေသားဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ မကွေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ်၊ ရေနံမြေသခင်ဖိုးလှကြီးဒိုင်း အလွတ်တန်းဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၁ ရက်မှ ဩဂုတ် ၂၂ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဆုချီးမြှင့်ပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မောင်နိုင်မင်း( ပြန်ဆက်)**

# ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ညောင်ဦး ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ယမန်နေ့နံနက် ၉ နာရီက လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုက အမှာစကား ပြောကြားသည်။

ထို့နောက် ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်၊ ကျောက်ပန်းတောင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်တို့က မိမိတို့မြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ Power Point ဖြင့် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်နန်းနွယ်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသည့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန်ရှိမှုတို့အား ရှင်းလင်းတင်ပြကြပြီး ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (၄၈၁)**



# မိုးနဲမြို့နယ် ဥယျာဉ်ရပ်ကွက်အတွင်း အဘိတ်ဆေးခတ်ခြင်းနှင့် အသိပညာပေးခြင်း ဆောင်ရွက်

**မိုးနဲ ဩဂုတ် ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ မိုးနဲမြို့နယ်တွင် ခြင်အန္တရာယ်ကင်းဝေးစေရေး ခြင်ကျား၊ ပိုးလောက်လမ်းများ ပေါက်ဖွားမှုမရှိစေရေး အဘိတ်ဆေးခတ်ခြင်းနှင့် အသိပညာပေးခြင်းကို ဩဂုတ် ၂၂ ရက် နံနက် ၈ နာရီက ဥယျာဉ်ရပ်ရှိ နေအိမ်များသို့ ပူးပေါင်းအဖွဲ့များက တစ်အိမ်တက်ဆင်း ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။ **(ဝဲပုံ)**



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ ရပ်ကွက်အတွင်းရှိ လူနေအိမ်များ၌ ရေလဲလှယ်ရန်ခက်ခဲသော ရေတွင်း၊ ရေကန်များနှင့် ရေပုံးများအား အဘိတ်ဆေးခတ်ခြင်းနှင့် ပိုးလောက်လမ်းများ ပေါက်ဖွားနိုင်သော ရေပုံးများ၊ ရေကန်များနှင့် တာယာကွင်းများအား ဖုံး၊ သွန်၊ လဲ၊ စစ်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ပြုလုပ်ဆောင်ရွက်သွားနိုင်ရေးအတွက် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအဖြစ် အာဟာရကျွေးမွေး

**မန္တလေး ဩဂုတ် ၂၄**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အထက(ခွဲ) ၂၉ ကျောင်း၌ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအဖြစ် ဩဂုတ် ၂၃ ရက် နံနက်ပိုင်းတွင် အလှူရှင်များက KG အတန်းမှ Grade-12 အထိ အာဟာရကျွေးမွေးခဲ့သည်။

အဆိုပါ အာဟာရကျွေးမွေးရာတွင် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ပူးပေါင်း၍ ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ဗဟိုအဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ပြည်နယ်အဆင့်၊ မြို့နယ်အဆင့်နှင့် ကျောင်းအဆင့် ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုအထိမ်းအမှတ်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်ကြီးတံခွန်မြို့နယ် အထက(ခွဲ) ၂၉ ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁၃၁၀ ဦးအား အလှူရှင်များက အာဟာရကျွေးမွေးခဲ့ပြီး ဆရာ၊ ဆရာမများကလည်း ပူးပေါင်းကူညီပေးခဲ့ကြောင်း သိရသည်။

**စင်မင်းမောင်**

✱-✱-✱-✱-✱-✱-✱

# တောင်သူများအား မိုးရာသီ သီးနှံစိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေး

**ဆင်ပေါင်ဝဲ ဩဂုတ် ၂၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ဆင်ပေါင်ဝဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများအတွက် ၂၀၂၅ ခုနှစ် မိုးရာသီ သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက ထုတ်ချေးပေးခဲ့သည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးစန်းသော်က မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို ကျေးရွာအုပ်စုအလိုက် စပါးတစ်ဧကငွေကျပ် တစ်သိန်းငါးသောင်းနှုန်း၊ နှမ်းတစ်ဧက ငွေကျပ်တစ်သိန်းနှုန်းတို့ကို အတိုးနှုန်းငါးရာခိုင်နှုန်းဖြင့် ထုတ်ချေးမည်ဖြစ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ရှိသည့် တောင်သူများကိုသာ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးသော ကျေးရွာတောင်သူများကို သီးနှံအာမခံထားရှိရေး၊ စည်းရုံးရှင်းလင်းခြင်းနှင့် ကျေးရွာတောင်သူများကို ချေးငွေထုတ်ချေးသည့် စာချုပ်ပါစည်းကမ်းချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် ယခင်စိုက်ပျိုးစရိတ်ချေးငွေများကို ပြေကြေစွာ ပေးဆပ်ပြီးသူများသာ ထုတ်ချေးပေးခြင်းဖြစ်ပြီး ဇော်ချမ်းတောင်ကျေးရွာအုပ်စု၊ စစ္စေးချောင်းကျေးရွာအုပ်စု၊ ဇောင်းတန်းကျေးရွာအုပ်စုမှ တောင်သူ ၁၂၇ ဦး၏ အခြားသီးနှံဧက ၇၉၄ ဧက၊ စပါးဧက ၁၈၀ အတွက် ထုတ်ချေးငွေကျပ် ၉၁၄ ဒသမ ၀၀ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**





## စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အငြိမ်းစား ၆၅၀ ဦးကို ကျန်းမာရေးစစ်ဆေး၊ အခြေခံစားသောက်ကုန်များ ပေးအပ်

**မုံရွာ ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ဩဂုတ် ၂၂ ရက်က မုံရွာမြို့ ချင်းတွင်းခန်းမတွင် ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် အခြေခံစားသောက်ကုန်များ ပေးအပ်ခဲ့သည်။

အငြိမ်းစားဝန်ထမ်းများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် အခြေခံစားသောက်ကုန်များကို လစဉ် ပေးအပ်နေခြင်းဖြစ်ပြီး တက်ရောက်လာကြသည့် အငြိမ်းစားဝန်ထမ်းများကို နံနက်စာ ကော်ဖီနှင့် မုန့်များဖြင့် ဧည့်ခံကျွေးမွေးခဲ့သည်။

အငြိမ်းစားဝန်ထမ်း ၆၅၀ ဦးကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဇနီးများက တိုင်းဒေသကြီးအတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံမိတ်ဆက်စကားများ ပြောကြားကာ အာဟာရဖြည့်စွက်စာကြက်ဥများ လက်ရောက်ပေးအပ်ခဲ့ကြသည်။

မုံရွာခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အငြိမ်းစားဝန်ထမ်းများကို ဆီးချို၊ သွေးချိုရောဂါ၊ သွေးတိုးရောဂါ၊ အကြောနာ၊ အကြောတက်ရောဂါ၊ နှလုံးရောဂါ၊ ချောင်းဆိုးရင်ကြပ်ရောဂါများကို စစ်ဆေးကုသပေးခဲ့သည်။

ခန်းမအတွင်း စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ အငြိမ်းစားဝန်ထမ်းများအား အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ စားသုံးဆီနှင့် ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၃၉၄)

## ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်

**သရက် ဩဂုတ် ၂၄**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက သရက်ခရိုင်ခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် သရက်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အဖွင့်အမှာစကားပြောကြားရာတွင် လုပ်ငန်းစတင်ထူထောင်လိုသူများကို လုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပေးအပ်ခြင်းဟာ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းငယ်များ စတင်ထူထောင်ရာတွင် အဓိကအတားအဆီးဖြစ်သည့် ရင်းနှီးမ,တည်ငွေ အခက်အခဲကို ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ယခုလို ဝင်ငွေတိုးစီမံကိန်းလုပ်ငန်းများကို သရက်ခရိုင်အတွင်းရှိ ပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်းဖြစ်၍ လုပ်ငန်းထူထောင်မည့်သူများ အနေဖြင့် စံနမူနာဖြစ်အောင် ကြိုးစားဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တာဝန်ရှိသူများက လုပ်ငန်းထူထောင်မည့် သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးထံသို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခဲ့သည်။ သရက်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေတိုးစီမံကိန်းသင်တန်းများဖြစ်သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ စက်ချုပ်နည်းပညာသင်တန်းများ ဖွင့်လှစ်ခဲ့ပြီး လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသား၊ သင်တန်းသူ ငါးဦးကို လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။



(ဝဲပုံ) ဇော်ထက်(သရက်)

## မြန်မာ့စီးပွားရေးဘဏ်တွင် အငြိမ်းစားပင်စင်လစာငွေများ စတင်ထုတ်ပေး

**တောင်တွင်းကြီး ဩဂုတ် ၂၄**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများ၏ ဩဂုတ်အတွက် ပင်စင်လစာငွေများကို မြန်မာ့စီးပွားရေးဘဏ်၌ ယမန်နေ့ နံနက် ၇ နာရီတွင် စတင်ထုတ်ပေးလျက်ရှိသည်။ **(အောက်ပုံ)**

ထိုသို့ ပင်စင်လစာငွေများ ထုတ်ပေးရာတွင် အကြောင်းအမျိုးမျိုးကြောင့် ကာယကံရှင်ကိုယ်တိုင် လာရောက်ထုတ်ယူနိုင်ခြင်းမရှိသည့် အငြိမ်းစားအသက်ကြီးသူများနှင့် ကျန်းမာရေးမကောင်းသူများ၏ ပင်စင်လစာများကို ကိုယ်စားလှယ်လွှဲစာဖြင့် ထုတ်ယူလိုပါက လိုအပ်သည့် အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ထုတ်ယူနိုင်ကြောင်းနှင့် ပင်စင်လစာထုတ်ယူရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ဝန်ထမ်းများက စာရင်းဖြည့်သွင်းခြင်းများကို စနစ်တကျဆောင်ရွက်ပေးပြီး အလှည့်ကျစနစ်ဖြင့် ထုတ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်းကို မြန်မာ့စီးပွားရေးဘဏ် တာဝန်ရှိသူထံမှ သိရသည်။ အလားတူ တောင်တွင်းကြီးမြို့နယ်အတွင်း ကျန်ရှိသည့် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများကို သတ်မှတ်ရက်ဘဏ်ဖွင့်ချိန်အတွင်း ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



နောင်နောင်(မိသနိုးမြေ)

## ငလျင်သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်သရုပ်ပြ

**ညောင်ဦး ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ငလျင်သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဩဂုတ် ၂၃ ရက် နံနက် ၉ နာရီကအဆိုပါ ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ငလျင်သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ခရိုင်ကော်မတီဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီဝံသာနု၊ လောကပါလ၊ Bagan Rescue လူမှုကူညီရေးအသင်းများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ဆရာမ များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ပြီး ငလျင်ကြောင့် မီးလောင်မှုဖြစ်ပွားခြင်းအား မီးငြိမ်းသတ်ခြင်း၊ အပျက်အစီးကြား ပိတ်မိနေသူများအား ကယ်ဆယ်ရွှေ့ထုတ်ခြင်း၊ ကွန်ကရစ်အောက်ပိမိသူများ၊ ပြိုကျအဆောက်အအုံအတွင်း ပိတ်မိနေသူများနှင့် အဆောက်အအုံအတွင်း ပိတ်မိနေသူများအား ကယ်ဆယ်ရွှေ့ထုတ်ခြင်း၊ ကြိုးဆင်းသရုပ်ပြသခြင်းများကို မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများက ဇာတ်တိုက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

(၄၈၁)

## ကျောင်းကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ကျင်းပ

**အောင်လံ ဩဂုတ် ၂၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ကျောင်းကောင်စီဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲကို ယမန်နေ့မှစတင်၍ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအားကစားကွင်း၌ ကျင်းပလျက်ရှိသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးကိုယ်စား ကျောင်းဆရာတစ်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး (Fitness Dance) အဖွဲ့နှင့် ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့တို့က သရုပ်ပြဖျော်ဖြေခဲ့ကြသည်။ **(အောက်ပုံ)**

အဆိုပါ ပြိုင်ပွဲများကို အမျိုးသားဘောလုံးအသင်းနှင့် အမျိုးသမီးဘောလုံးအသင်း စုစုပေါင်းကိုးသင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)





| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| ကယ်ဂလီယာရီ | ၁ | - | ၁ | ဖီအိုရင်တီးနား |
| ကိုမို | ၂ | - | ၀ | လာဇီယို |

| ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| လိုရီယန့် | ၄ | - | ၀ | ရင်းနက်စ် |
| လီဟာဗာ | ၁ | - | ၂ | လန်းစ် |
| စထရာဘို့ | ၁ | - | ၀ | နန့်တက်စ် |
| တူးလော့ | ၂ | - | ၀ | ဘရက် |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂) အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| အိုဆာဆူနာ | ၁ | - | ၀ | ဗလင်စီယာ |

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| မိန့်ဇ် | ၀ | - | ၁ | ကိုလုံး |
| ဂလာဘတ် | ၀ | - | ၀ | ဟမ်းဘတ် |

| အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| ပဲလေ့စ် | ၁ | - | ၁ | နော့တင်ဟမ် |
| အဲဗာတန် | ၂ | - | ၀ | ဘရိုက်တန် |
| ဖူလ်ဟမ် | ၁ | - | ၁ | မန်ယူ |

ဝတ္ထုတိုကဏ္ဍ

# နားဋ္ဌောင်းတစ်ရန်ရဲ့ ရာဇဝင်

ကျော်လှိုင်(နှန်းရွှေ)



ဒီနေ့ တနင်္လာ ကျောင်းဖွင့်တဲ့နေ့ သမီးဖြစ်သူက သူတို့ အသင်းရှိတဲ့နေ့ ဆိုရင် မိခင်ဖြစ်သူ ဒေါ်ခင်သန်း စောစော ထပြီး ထမင်း၊ ဟင်းချက်ရတယ်။ နံနက် ၅ နာရီဆိုတာ ပတ်ဝန်းကျင်ကလည်း တိတ်ဆိတ်လို့ပါပဲ။ ဒေါ်ခင်သန်းရဲ့ မီးဖိုပေါ်က ထမင်းအိုးဟာ ပွက်ပွက်ဆူနေလို့ ထမင်းရည်ငှဲ့ဖို့အတွက် ပြင်ရ၊ ဆင်ရတော့တာပေါ့။

'ငါမနေ့က ဒန်အိုးလေး ဘယ်မှာထားမိပါလိမ့်။ ကြောင်အိမ်ထဲမှာလည်း မရှိသလို ပန်းကန်စင်ပေါ်မှာလည်း မတွေ့၊ ဘယ်နားထားမိပါလိမ့်။ ကြောင်အိမ်အောက်ထားနေကျပါ။ သြော် ဒင်းက ဒီမှာကိုး။ ထမင်းစားပွဲခုံအောက်ရောက်နေတာ။ ငါ့မှာဖြင့် ရှာလိုက်ရတာအမော'

တစ်ယောက်တည်း စကားပြောရင်း မီးဖိုပေါ်က ထမင်းအိုးကို ကပျာကယာ ဆွဲချကာ စောစောက ပျောက်လို့ရှာတဲ့ ဒန်အိုးဟောင်းထဲ ငှဲ့ချလိုက်ပါတယ်။ အသက်ကလေးက ခြောက်ဆယ်နားနီးလာတော့ သတိက သိပ်မကောင်းချင်တော့သလို တခြား ပူပင်စရာတွေကလည်း တစ်ပုံတစ်ပင်ဆိုတော့ စိတ်နဲ့လူနဲ့ကလည်းမကပ်ဖြစ်နေတယ်။ လတ်တလော ပူပင်စရာကတော့ သမီးငယ် ရဲ့ ကျူရှင်ငွေသွင်းရမယ့်ကိစ္စပါ။ အိမ်ထောင်ကျနေတဲ့ သမီးတစ်ယောက်၊ သားနှစ်ယောက်က သူတို့ရဲ့ ညီမလေး ကျူရှင်ကုန်ကျစရိတ်ကို မျှပေးမယ်လို့ ပြောခဲ့ကြပေမယ့် လက်တွေ့မှာတော့ ဖြစ်မလာခဲ့ဘူး။

အေးလေ·· သူတို့လည်း သူတို့အကြောင်းနဲ့ သူတို့တော့ ရှိလို့နေမှာပေါ့။ သားကပေးချင်ဦးတော့ ချွေးမ ဖြစ်သူရဲ့ သဘောထားက ရှိသေး။ သမီးဖြစ်သူက ပေးချင်ဦးတော့ သမက်ဖြစ်သူက ကြည်ဖြူဦးမှကိုး။ လင်ယောကျ်ားဖြစ်သူ ကိုကျော်မောင်ရဲ့ ပင်စင်ငွေလေးမဖြစ်စလောက်နဲ့က စားဖို့တောင် အနိုင်နိုင်။ ဒါတောင် ကုမ္ပဏီတစ်ခုမှာ ညစောင့်အလုပ်ကလေးရလို့ မိသားစုစားဝတ်နေရေးလေးက လောက်ငှရုံပဲ ဆိုကြပါစို့။

အကြီးသုံးယောက်တုန်းကတော့ ကျောင်းကျူရှင်ဖိုးအတွက် မပူမပင်နေခဲ့ကြရတယ်။ အဲ့ဒီအချိန်က လင်သားဖြစ်သူ ကိုကျော်မောင်ရဲ့ ဝင်ငွေလေးက အတော်ကောင်းခဲ့တာကိုး။ သူတို့တစ်တွေ အသီးသီးဘွဲ့ရတဲ့အထိ လူတန်းစေ့ထားနိုင်ခဲ့တယ်။

တကယ်တော့ ဒီသားသမီးသုံးယောက်ပဲရှိမယ်။ နောက်ထပ်သားသမီး မရနိုင်တော့ဘူးလို့ ထင်ခဲ့တာ အသက်လေးဆယ့်သုံးနှစ်ကျမှ မမျှော်လင့်ဘဲနဲ့ သမီးလေး ကျွန်မ ဗိုက်ထဲရောက်ရှိလာခဲ့တယ်လေ။

ယောကျ်ားဖြစ်သူ ကိုကျော်မောင်ကို ကိုယ်ဝန်ရှိတဲ့အကြောင်း ပြောပြတော့ သူက ဝမ်းသာအားရနဲ့ 'ဟန်ကျတာပေါ့ကွာ၊ ငါတို့အသက်ကြီးလို့ နာမကျန်းဖြစ်တဲ့အခါ ပြုစုပေးဖို့အတွက် နတ်သိကြားများက လက်ဆောင်ပေးလိုက်တာနေမှာ ခင်သန်းရ' သူကတော့ ဝမ်းသာအားရပျော်နေပေမယ့် ကျွန်မကတော့ အသက်ကြီးမှ ကိုယ်ဝန်ဆောင်ရတော့ မီးဖွားရာမှာ အခက်အခဲဖြစ်မှာကို အဲ့ဒီအချိန်တုန်းက အရမ်းကြောက်ခဲ့တယ်။ မွေးလာတော့လည်း ရှော့ရှော့ရှူရှူပါပဲ။ ဆယ်လပိုင်း ၂၃ ရက် ဗုဒ္ဓဟူးနေ့မှာ မွေးလို့ နာမည်ကို နေ့သင့်၊ နံသင့်လည်းဖြစ် မိုးနှောင်းရာသီလည်းဆိုတော့ 'ရှင်မိုးနှောင်း' အဖေဖြစ်တဲ့သူကိုယ်တိုင်ပေးခဲ့တာလေ။ ကလေးနဲ့ဝေးနေတာဆိုတော့ အစ်မကြီးက ချစ်သလို အစ်ကိုတွေကလည်း ချစ်ကြတယ်။ အကဲဆုံးကတော့ ကိုကျော်မောင်ပေါ့။ သမီးကို သူက သိပ်အလိုလိုက်တာ။ အားလုံးက ဝိုင်းပြီးအလိုလိုက်ကြတော့ ဒါတွေကြောင့်လည်း သမီးလေးက ခွဲ့ဆိုးဆိုးချင်တယ်။ ငယ်ငယ်က သူလိုချင်တာ အကုန်ဖြည့်ဆည်းပေးခဲ့တော့ ကြီးလာတော့လည်း ဒီဉာဉ်လေးက မပျောက်ချင်ဘူးလေ။

အခန်း(၂)

'အမေ'အတွေးနယ်ထဲရောက်နေတဲ့ ဒေါ်ခင်သန်း တစ်ယောက် သမီးဖြစ်သူက ရုတ်တရက်ခေါ်လိုက်မှ သတိပြန်ဝင်လာတယ်။ 'ပြော သမီး ဘာပြောတာတုန်း' 'ထမင်းချိုင့်ထည့်ပြီးပြီလားလို့ သမီးကျောင်းသွားတော့မယ်'

'ဟောဒီက အဆင်သင့်ပါတော်၊ သမီးကြိုက်တတ်တဲ့ ဝက်အူချောင်းကြော်ရယ်၊ သရက်ချဉ်သုပ်ရယ်၊ ငရုတ်သီးနဲ့ ပုစွန်ခြောက်ချက်ကလေးနဲ့ ထုပ်ပြီးပါပြီ သွားမယ်ဆို ဒီအမေက အဆင်သင့်' 'အမေ ကျူရှင်ခဘယ်တော့ပေးမှာလဲ နောက်လဆို စာမေးပွဲတောင် ဖြေရတော့မှာ တစ်တန်းလုံး သမီးတစ်ယောက်တည်းကျန်တော့တယ်။ ဒီလိုမှန်းသိရင် ဆယ်တန်းလည်းမနေဘူး သမီး သိပ်ရှက်တာပဲ။ ဆရာတွေက မပြောပေမယ့် စာရေးမတွေက သမီးကိုလက်ကျန် ကျူရှင်ခ ဘယ်တော့သွင်းမှာလဲလို့ ခဏခဏ အမေးခံနေရတာ၊ တစ်ခုခုတော့ အဖေနဲ့အမေ ကြံပေးကြဦး။ တစ်ရက် နှစ်ရက်အတွင်းမှ ကျူရှင်ခမပေးနိုင်ရင် သမီးဒီနှစ်စာမေးပွဲဖြေလည်း မဖြေတော့ဘူး။ ကျောင်းလည်း လိုက်မနေတော့ဘူး။' ငိုသံတစ်ဝက်နဲ့ ပြောနေတော့ သမီးလေးကြည့်ပြီး စိတ်ထဲမကောင်း။ ကဲပါ သမီးရယ် သုံးလေးရက်အတွင်း ဖြစ်စေရမယ်။ သမီးသာ စာကြိုးစားနော်။

ပြောလိုက်ရင် ဒီအတိုင်းချည့်ပဲ။ မမကြီး မြသင်း၊ ကိုကြီး လင်းထိုက်အောင်၊ ကိုလေး သူရိန်ဇော်တို့က သမီးကို ချစ်တယ်သာ ပြောတာ တကယ်မချစ်လို့ သမီးကို ဂရုမစိုက်ကြတာပါ။ တကယ်ချစ်ရင် သူတို့ပေးမယ်ဆိုတဲ့ ကျူရှင်ခအခုဆို ပေးပြီးတာ ကြာပေါ့။ ပြောလိုက်ရင်တစ်ယောက်နဲ့တစ်ယောက် ဘော်လီဘောပုတ်သလို ပုတ်ထုတ်နေကြတာ။ သမီးကံမကောင်းဘူး။ ဒီအိမ်မှာလာပြီး အငယ်ဆုံးဖြစ်နေလို့ကို သမီး ကံမကောင်းတာ။

'ကဲ…ပါကွယ် သူတို့လည်း ပေးသင့်သလောက် ပေးကြတာပဲ မဟုတ်လား။ သူတို့မှာလည်း သူတို့အခက်အခဲရှိလို့နေမှာပေါ့။'

'ပြောလိုက်ရင် ဒီလိုပဲ အမေပြောတဲ့စကားတွေက ထပ်နေပြီ။ အဖေတို့ အမေတို့က သမီးကို တကယ်မချစ်ကြဘူး။ ဟီး…ဟီး….ဟီးဟီးဟီး ဝုန်း ဘုန်း ဝုန်း သွားဒီစာအုပ် ကျောင်းလည်း မသွားဘူး'သမီးငိုပြီး သောင်းကျန်းနေတာကို ကိုကျော်မောင် အိပ်ရာထဲကနေ ခေါင်းထောင်ကြည့်ပြီး ပြန်ပြီးအိပ်ချင်ယောင်ဆောင်နေတယ်။ သမီးဖြစ်သူကို လာပြီး အကျိုးသင့်အကြောင်းသင့် ချော့သင့်တာပေါ့။ နေလည်း နေနိုင်တဲ့ အဘိုးကြီး ဘယ်တော့ဖြစ်ဖြစ် သမီးဖြစ်သူကို ကာဆီးကာဆီး အမြဲလုပ်တယ်။ သူအလိုလိုက်လွန်းလို့ သမီးဆိုးနေတာ၊ သမီးငိုနေတာကို အသာလေး ဒေါ်ခင်သန်း လွှတ်ပေးထားလိုက်တယ်။ နည်းနည်းလေး မောလာမှ နားတစ်ဖက်ကို လက်နဲ့စမ်းကြည့်ကာ ဆုံးဖြတ်ချက်ကို ဒုန်းဒုန်းချလိုက်ပါပြီ။ ငိုမနေနဲ့သမီး၊ ဒီနေ့ သမီးရဲ့ ကျူရှင်လခ အမေတို့ အကြေသွင်းပေးမယ်။ ကျောင်းသွားမယ့်ဟာ ကျောင်းသွား၊ ဖြစ်စေရမယ်။

'ဘယ်က ပိုက်ဆံရလို့ ပေးမှာတုန်း၊ အမေ ဒါမျိုးတွေရိုးနေပြီ။' 'သွားမှာသာ သွားပါ။ ဒီနေ့ဖြစ်ရမယ်ဆိုရင် ရပြီမဟုတ်လား။' 'အမေ တကယ်နော်။'

ရှိုက်သံတစ်ဝက်ဖြင့် မယုံကြည်ဟန်ဖြင့် ကြည့်နေလေရဲ့။ အမေရဲ့မျက်နှာကို အသေအချာပြန်ကြည့်၍ မယုံတစ်ဝက် ယုံတစ်ဝက်နှင့် ထမင်းချိုင့်ကို ဆွဲကာ စက်ဘီးရှေ့ခြင်းထဲထည့်ပြီး စီး၍ထွက်သွားတဲ့ သမီးကို ကြည့်ပြီး သက်ပြင်းချလိုက်မိတယ်။

အခန်း(၃)

ကျူရှင်ခ ဒီနေ့ပေးမယ်လို့ အာမခံလိုက်တာကလည်း အမေပေးလိုက်တဲ့ နားဋ္ဌောင်းလေးကို ရောင်းမယ်လို့ ဆုံးဖြတ်ချက်ချလိုက်လို့ပဲ။ ရောင်းမယ်ဆိုတော့လည်း နှမြောတာထက် အမေစကားသတိရပြီး အမေကို ပေးခဲ့တဲ့ကတိမတည်နိုင်လို့ ပို၍စိတ်မကောင်းဖြစ်နေမိပြီး အမေ့စကားတွေကိုလည်း ပြန်သတိရနေမိတယ်။

'သမီး ခင်သန်း မနေ့က ရောက်ကတည်းက အမေက မေးမလို့၊ ဒီတစ်ခါပြန်လာတာ လက်ကောက်တွေ၊ ဆွဲကြိုးတွေ ဘယ်ရောက်ကုန်တုန်း။ အဲ့ဒါက ထားပါဦးအေ၊ နားကလည်း ဟောင်းလောင်း ဘယ်လိုဖြစ်တာလဲဟယ်'

အမေက စိတ်ထဲမကောင်းလို့ ထင်ပါရဲ့ မေးရှာတယ်။ 'အမေ သမီးတို့ အိမ်နဲ့ဝိုင်း ဝယ်လိုက်လို့ပါ။ မှန်းထားတဲ့ ဈေးထက်များနေလို့၊ ကိုယ်ကလည်း ကြိုက်နေတော့ သမီးရှိတဲ့ လက်ဝတ်လက်စားတွေပါ ရောင်းပေးလိုက်ရတယ်။ ဒါတောင် အကြွေးက အနည်းအကျဉ်းကျန်နေသေးတယ် အမေ။' 'အဲ့ဒါကြောင့် သမီးကို အမေပေးစရာရှိလို့ ညကတည်းက အမေဖြုတ်သိမ်းထားတာ ပြောရင်းဆိုရင်း လက်ထဲကို အဝတ်စနဲ့ ထုတ်ထားတဲ့ အထုပ်ကလေးထည့်ပေးလိုက်တယ်။ ဖွင့်ကြည့်လိုက်တော့ အမေဝတ်နေတဲ့ နားဋ္ဌောင်းတစ်ရန်၊ အမေ့ကို ကြည့်လိုက်တော့ အမေ့နားမှာ ပြောင်းဖူးဖက်ကိုလိပ်ပြီး ထိုးထားတာမြင်တော့ 'အမေရယ် သမီး မယူပါရစေနဲ့ သမီးမယူချင်ပါဘူး အမေ့နားဋ္ဌောင်း အမေပြန်ဝတ်လိုက်ပါ'ပြောပြီး ပြန်ပေးပေမယ့် အမေလက်မခံပါ။

အမေသမီးကို ဘာမှမပေးရသေးဘူး။ ညီအစ်ကိုတွေ ညီအစ်မတွေကိုတော့ လယ်ချောင်း၊ မြောင်းတွေ ခွဲဝေပေးထားပြီး ညည်းကိုတော့ ဘာမှမပေးရသေးလို့ ဒါလေးတော့ယူပါအေ၊ အမေစိတ်မကောင်းအောင် မလုပ်ပါနဲ့နော် သမီး' 'အမေကဖွတ်ပေးနေတော့ မငြင်းသာဘဲ ခေါင်းညိတ်ယူခဲ့ရတယ်။ သမီး ငါးနှစ်အရွယ် အဖေဆုံးတော့ ဒီအစ်ကိုတွေ ဒီအစ်မတွေပဲ အမေနဲ့အတူ ဒိုးတူပေါင်ဖက် လုပ်ကိုင်ကျွေးခဲ့ကြလို့ ဘာမှလည်း မမျှော်လင့်မိ။'အမေကသမီးကို မှာစရာတွေ ရှိသေးတယ်' 'ပြောပါအမေ သမီးနားထောင်နေပါတယ်။

တကယ်တော့ ဒီရွှေအိုးစည်နားဋ္ဌောင်းလေးက သမီးတို့အဘွား ဒေါ်ဖွားဆောင်က ငါ့ကိုပေးခဲ့တာ သူကပြောတယ်။ သမီးလှကြည် ဒီနားဋ္ဌောင်းလေးကို ရောင်းမစားပါနဲ့တဲ့၊ ယောကျ်ားမှာဘုန်း၊ မိန်းမမှာ ဆံထုံးလို့ဆိုပေမယ့် မိန်းမတစ်ယောက်မှာ ဆံထုံးရှိနေရုံနဲ့ မလုံလောက်ဘူး။ ကျန်တဲ့လက်ဝတ်လက်စားမပါချင်နေ နားဋ္ဌောင်းတစ်ရံတော့ ပါသင့်တယ်၊ ရှိသင့်တယ်။ လှကြည် ညည်းအရွယ်အိုလာရင်တော့ ညည်းချစ်တဲ့ သမီးကိုပေးလိုက်တဲ့၊ အခုအချစ်ဆုံး သမီးကို အမေပေးလိုက်ပြီနော်၊ မြတ်မြတ်နိုးနိုး ဝတ်ပါ သမီးလေးရယ်။ ရောင်းတော့မစားနဲ့၊ ဒီခေတ်မှာ နားဋ္ဌောင်းမဝတ်ကြတော့ဘူး။ နားမှာကပ်နေတဲ့ နားကပ်တွေပဲ ဝတ်ဆင်နေတာ မြင်နေရလို့ အမေနာဋ္ဌောင်းလေး မဝတ်မှာစိုးလို့၊ အမေသမီးကို မှာတာပါအေတဲ့။ အခုတော့ မတတ်နိုင်ဘူး အမေ။ အမေပေးခဲ့တဲ့ ရွှေအိုးစည်နားဋ္ဌောင်းရောင်းမှ ဖြစ်မှာမို့လို့ပါ။ စိတ်ထဲကနေ ပြောရင်း ချွတ်ထားတဲ့ နားဋ္ဌောင်းလေးကြည့်လိုက်တော့ နားဋ္ဌောင်းနောက်ပိတ်က ရှေ့က အဖူးထက်ကြီးနေပြီ။ အရိုးပေါ် ရှည်ရှည်ဆိုတော့ မတူပေမယ့် ဖြုန်းခနဲကြည့်လိုက်ရင် အိုးစည်လေးနဲ့ တူသလိုရှိသား။ ဆယ့်ငါးနှစ်လောက် ဝတ်လာခဲ့တာ နှမြောတော့ နှမြောသား တတ်နိုင်ဘူး။ ဒီအချိန်မှာ သမီးအနာဂတ်က အရေးကြီးဆုံး မဟုတ်လား။

'ကိုကျော်မောင် ကိုကျော်မောင် အဘိုးကြီး အဘိုးကြီး' 'ဘာတုန်းကွာ မင်းကလဲ ဒီမှာ အိမ်ရေးက ဝသေးတာ မဟုတ်ဘူး' 'သြော် အိပ်မပျော်ဘူးဆိုတာ ကျုပ်သိပါတယ်။ စောစောကတော့ သမီးသောင်းကျန်းနေတုန်း ခေါင်းထောင်ကြည့်နေတာ ကျုပ်မသိဘူးထင်နေလား။ ပေါင်းလာတာ အနှစ်လေးဆယ်နားနီးလာပြီ၊ ဒီလောက်မှ မသိရင်ခက်မယ်။ ကဲထပါတော့၊ သမီးရဲ့ ကျူရှင်မှာ ကျန်တဲ့ ငွေသွင်းဖို့ တော့်ကို ခိုင်းစရာရှိလို့'

သမီးအတွက်ဆိုတော့ ကိုကျော်မောင်လူးလဲထလာတယ်။ ညစောင့်ဆိုတော့ အိပ်ရေးမဝသေးတာလည်း ဟုတ်မှာပါ။ 'ဘာများခိုင်းမှာလဲ ခင်သန်း ကဲပြော' သတင်းစာနဲ့ အသေချာအုပ်ထားတဲ့ အထုပ်လေးကို သူ့ရဲ့လက်ထဲထည့်ပေးလိုက်တော့ 'ဒါဘာလဲဟ'

'ကျုပ်ဝတ်နေတဲ့ နားဋ္ဌောင်းပါတော်၊ မြို့ထဲသွားရောင်းချပြီးရင် သမီးတက်နေတဲ့ ကျူရှင်လခကျန်တာ အကြေသွင်းခဲ့၊ နောက်ပြီးတော့ သမီးတက်နေတဲ့ ကျူရှင်က နန်းရှေ့ဈေးနဲ့ နီးတယ်၊ အဲ့ဒီက ဝက်သားတစ်ပိဿာလောက်ဝင်ဝယ်ခဲ့ မနက်ကျရင် ဆွမ်းလောင်းရအောင်လို့'

ကိုကျော်မောင် အထုပ်ကိုဖြေကြည့်ပြီး ဒေါ်ခင်သန်းရဲ့ မျက်နှာကိုကြည့်ကာ ကိုကျော်မောင်တစ်ယောက် လက်ထဲက နားဋ္ဌောင်းကြည့်လိုက်၊ မိန်းမရဲ့နားပေါက်ဟောင်းလောင်းကိုကြည့်ပြီး မျက်စိမျက်နှာပျက်နေတာမြင်တော့…

'ကဲပါ ကိုကျော်မောင်ရယ် တော့မျက်နှာမသာယာတာမြင်တော့ ကျုပ်ငိုမိလိမ့်မယ် သွားရောင်းချေပါတော့တော်'

'အေးပါကွာ၊ ဒါပေမဲ့ ဘောက်ချာနဲ့မှ ရောင်းကြတာဆိုတော့ ရောင်းလို့ရပါ့မလား၊ နောက်ပြီး ငွေကကျူရှင်ခပေးလောက်အောင် ရပါ့မလား'

တော်ကလည်း မန္တလေးမြို့ကြီးမှာနေပြီး ဒါလောက်'အ'ရလား၊ မြောက်ပြင်မှာ ပန်းထိမ်ဆိုင်တွေ သွားရောင်းပေါ့။ နားဋ္ဌောင်းက တစ်မတ်သားကျော်တယ်။ ငွေက ကျူရှင်ခရှင်းပြီးတောင် အများကြီးပိုမှာ သွားမှာသာ သွားစမ်းပါတော်'

ကိုကျော်မောင် အဝတ်စားလဲကာ စက်ဘီးလေးထုတ်၍စီးကာ မြို့ထဲဘက်သွားတော့ မခင်သန်းတစ်ယောက် သူနဲ့နားနှစ်ဖက်ကို လက်နဲ့စမ်းကြည့်ပြီး နားနှစ်ဖက်က ခါတိုင်းနဲ့မတူလို့ မနေတတ်မထိုင်တတ်နဲ့၊ အမေလည်း ငါ့ကို နားဋ္ဌောင်းချွတ်ပေးလိုက်တုန်းက ငါ့လိုပဲနေမှာ၊ မိခင်မေတ္တာဆိုတာ ဒါပါလားလို့ တွေး မိပြီး နံရံမှာချိတ်ထားတဲ့ အမေ့ရဲ့ ဓာတ်ပုံကို မပီဝိုးတဝါးကြည့်၍ အမေ သမီးကို ခွင့်လွှတ်ပါ။ အမေသမီးကို အချစ်ဆုံးမို့ နားဋ္ဌောင်းပေးခဲ့တာ နားမှာ ယန်လို့ လှခဲ့တယ်။ အခုသမီးလည်း အမေရဲ့ မြေးကို ပေးတဲ့ နားဋ္ဌောင်းလေး ပေးလိုက်ပါပြီ။ နားတော့မလှပါဘူး။ သူ့ရဲ့ ဘဝတစ်သက်လှဖို့ နားဋ္ဌောင်းကို ရောင်းရတဲ့ ငွေနဲ့ပညာရေးမှာ မြှုပ်နှံလိုက်ပါပြီ။ တမလွန်ကနေ ခွင့်လွှတ်မယ်လို့ ယုံကြည်နေပါတယ်။သမီး အမေ့ကို လက်ဆယ်ဖြာထိပ်မှာမိုး ရှိခိုးကန်တော့လိုက်ပါတယ်။

ဒေါ်ခင်သန်း မိခင်ဖြစ်သူရဲ့ ဓာတ်ပုံကို ကန်တော့ရင်း သူ့ရင်ထဲမှ ရှိုက်သံသဲ့သဲ့ ထွက်ပေါ်လျက်…..

## လူထုအခြေပြုဗဟိုဌာနတွင် သတင်းရေးသားနည်းသင်တန်း ဖွင့်လှစ်



**တမူး ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ဩဂုတ် ၂၀ ရက် မွန်းလွဲ ၁ နာရီက သတင်း ရေးသားနည်း သင်တန်းဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် တမူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မာမာဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် သင်တန်းကို ဆက်လက်ပို့ချရာ မြို့သစ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန မြို့ဦးစီးမှူး ဒေါ်စန္ဒာထွန်းနှင့် ဓာတ်ပုံကျွမ်းကျင်-၂ ဦးကျော်သူရတို့က သတင်းရေးသားရာတွင် အခြေခံရမည့်အချက်များ၊ သတင်းကောင်းတစ်ပုဒ်တွင် ပါဝင်ရမည့်အချက်များ၊ သတင်းအရင်းအမြစ်များ ရှာဖွေခြင်း၊ သတင်းသမားများ၏ ကျင့်ဝတ်များကို စာတွေ့၊ လက်တွေ့ ပို့ချပေးခဲ့သည်။

အဆိုပါသင်တန်းသို့ တမူးခရိုင်နှင့် မြို့သစ်မြို့ရုံးတို့မှ ဝန်ထမ်းများ တက်ရောက်ကြပြီး ဩဂုတ် ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**
**မြို့နယ်(ပြန်/ဆက်)**

## နိပ္ပွန်-မြန်မာ တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း(မန္တလေး) ရိုးရာလက်နှိပ်ပညာသင်တန်းကျောင်း သင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၄**

နိပ္ပွန်-မြန်မာတိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း(မန္တလေး)ရိုးရာလက်နှိပ်ပညာ သင်တန်းကျောင်း၊ ရိုးရာလက်နှိပ်ပညာ အခြေခံသင်တန်းအပတ်စဉ်(၂၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်ရှိ အဆိုပါ သင်တန်းကျောင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် နိပ္ပွန်-မြန်မာတိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ပါမောက္ခ ဒေါက်တာအောင်မြင့်က အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဂျပန်ရိုးရာ လက်နှိပ်ပညာသင်တန်း ဖွင့်လှစ်သင်ကြားပေးမှုများနှင့်ပတ်သက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ခဲ့သည်။



ထို့နောက် နိပ္ပွန်-မြန်မာ တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း (မန္တလေး) ဥက္ကဋ္ဌနှင့် တိုင်းရင်းဆေးပညာရှင်များ၊ ဂျပန်ရိုးရာလက်နှိပ်ပညာ သင်တန်းကျောင်းမှ နည်းပြများနှင့် သင်တန်းသားများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(ဝ၄၅)**

## မီးဖိုချောင်သုံးဆေးပင်များအကြောင်း သိကောင်းစရာ အသိပညာပေး (Talk Show) ကျင်းပ



**အောင်လံ ဩဂုတ် ၂၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်တိုင်းရင်းဆေးဌာနတို့ပူးပေါင်း၍ တိုင်းရင်းဆေးပညာအရ အိမ်ရှင်မများအတွက် မီးဖိုချောင်သုံးဆေးပင်များအကြောင်း သိကောင်းစရာ အသိပညာပေး (Talk Show) ကို ယမန်နေ့က အောင်လံမြို့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

အဆိုပါ တိုင်းရင်းဆေးပညာအရ အိမ်ရှင်မများအတွက် မီးဖိုချောင်သုံးဆေးပင်များအကြောင်း သိကောင်းစရာ အသိပညာပေး (Talk Show) ကျင်းပရာတွင် မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ဖြူမာကိုက အစာလည်းဆေး၊ ဆေးလည်းအစာဆိုသလို နေ့စဉ်ချက်ပြုတ်နေသော မီးဖိုချောင်တွင်ရှိသည့် ပစ္စည်းများကို ဆန်၊ ဆီ၊ ဂျင်း(ချင်း)စတဲ့အရာတွေနှင့် ချက်ပြုတ်စားသောက်နေရသောကြောင့် အဲ့ဒီပစ္စည်းတွေကနေ ကျန်းမာရေးအတွက် များစွာအထောက်အကူပြုမှုတွေ ငွေကုန်ကြေးကျသက်သာစွာဖြင့် မိမိတို့၏ မိသားစုကို တစ်ဖက်တစ်လမ်းမှ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်စေရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားပြီး ကြက်သွန်ဖြူ၏ အသုံးဝင်ပုံ၊ နနွင်း၏အသုံးဝင်ပုံ၊ ကန်စွန်းရွက်၏အသုံးဝင်ပုံ စသည်တို့ကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

**အာကာ(ပြန်/ဆက်)**



ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး


## ယဉ်ကျေးဖော်ရွေ မန္တလာမြေ

* အောင် ကျော် ချမ်း အေး မန္တလေးသို့
တဘောင်ပေး မြို့အမည် ။
တစ်ထောင့်နှစ်ရာနှစ်ဆယ့်တစ်
ကုန်းဘောင်ခေတ်တည် ။
အမျိုးစဉ်ဆက် နန်းမူသည်
သိမ်မွေ့ရည် စိတ်ထားလှ ။
သာသနာ ရောင်ဖြာလျှမ်းပါလို့
ချမ်းသာအေးမြ ။
ညီပြာညက် အသားရောင် ခလို့ရယ်
သန့်ရှင်းလှ စိတ်ဘဝင် ။
နှုတ်ချိုသာ ပြောဆိုကျူး
ရွှင်မြူးခင်မင် ။
မြစ်ရောရဲ့ ရေအလျဉ်
ကွေ့ဝိုက်ဆင် စီးဆင်းမှု ။
မန္တလာမြေ သာယာအဆင်းရယ်နဲ့
အလှချင်းပေါင်းစု ။
လုပ်ငန်းမယ် စွမ်းဆောင်မှုရယ်က
တတ်သိပြု ကြိုးစားရှာ ။
မဆုတ်မနစ် သတိမြဲ
အစဉ်ကဲညာဏ်ဖြာ ။
ကျွန်တော်၊ ခင်ဗျား ခေါ်ပြောကာ
ဆက်ဆံရာ သန့်စင်အေး ။
ကိုယ့်ဆွေမျိုးလို ရွှေယောက်ဖနဲ့ရယ်
ယောင်းမခေါ်သေး ။ ။

**မင်းမြတ်မိုး(မန်းမြေ)**

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ လေ့လာစို့ ။

# နန်းတော်ရှေ့အကြောင်း တစေ့တစောင်း



နန်းတော်ရှေ့အကြောင်း မှတ်မိသမျှ နှောင်းလူငယ်တွေသိရအောင် ရေးပါဦးဆိုတော့ ငယ်ငယ်တုန်းက သကြံန်လေးကို သတိရမိတယ်။ ကျွန်တော့်ရဲ့ အစ်မကြီး ဒေါ်သိန်းသိန်းပြောတာကတော့ နန်းတော်ရှေ့မှာ အမျိုးသမီးရေသဘင်အဖွဲ့ဟာ ဦးစွာပထမ ဦးထွန်းခင် ဦးစီးပြီးကတဲ့ 'ပန်းဝတ်ရည်'အမျိုးသမီးရေသဘင်အဖွဲ့ဟာ နန်းတော်ရှေ့မှာတော့ ဦးစွာပထမလို့ သိရှိရပါတယ်။ အကကိုတော့ မိန်းမလျှာမာမီအောင်က အကတိုက်ပေးပါတယ်။ သကြံန်သီချင်းနာမည်ကလည်း 'ပန်းဝတ်ရည်'ဟု သိရပါတယ်။ သီချင်းကတော့ 'မောင်တို့နာမည် ဘယ်လိုခေါ်ပါတယ်'ဟု အဆုံးသတ်လိုက်လျှင် စင်အောက်မှကာလသားများက 'ဖိုးထူး'ဟု ဝိုင်းအော်ကြပါသည်လို့ မှတ်သားရပါတယ်။ အရင်တုန်းက နန်းတော်ရှေ့မှာ အမျိုးသမီးရေသဘင်ဟာ ယခု ၁၉ သံလမ်းမီးပွိုင့် ရေနီမြောင်းမှ ပုဏ္ဏားဘုရားကျောင်းနားအထိ ရှိပါတယ်။ နာမည်အားလုံးကို မမှတ်မိတော့၍ မရေးတော့ပါ ခင်ဗျာ။ တစ်နှစ်မှာ ရေသဘင်အဖွဲ့တွေများလွန်း၍ ၁၉ လမ်းမကြီး ပိတ်သွားကာ ညပိုင်းမှာ သကြံန်လည်သောကားများ ရပ်ကွက်လမ်းကြားတွေမှာ ရပ်ထားခဲ့ရပြီး ခြေကျင်လမ်းလျှောက်ပြီးသွားရသတဲ့။ ဒါဟာ အနုပညာဆန်တဲ့ နန်းတော်ရှေ့ပါ။

နောက်တစ်ခါ ဓာတ်ပုံဆိုင်တွေကတော့ နန်းတော်ရှေ့မှာ ဦးစွာပထမ ဦးငွေး၏(စိန်မိုယ်း)ဓာတ်ပုံဆိုင်ပဲ ဖြစ်ပါတယ်။ ဓာတ်ပုံဆိုင်ဖွင့်သည့် ခုနှစ်ကို မမှတ်မိပေမယ့် ရှေ့မီနောက်မီ လူကြီးများပြောစကားအရ အနှစ်(၇၀)ခန့်ရှိပြီဟု သိရပါတယ်။ နောက်တစ်ဦးကတော့ ကိုမောင်မောင်တဲ့။ မျက်နှာမှာ ကျောက်ပေါက်ရာကလေးတွေနဲ့ ရုပ်ရှင်မင်းသားဝင်းဦးစတိုင်လ် အမြဲတမ်းဘောင်းဘီရှည်နဲ့ ခင်ဗျ။ ဆံပင်ပုံစံကိုက ဝင်းဦးပုံစံနဲ့ပါပဲ။ နောက်ဓာတ်ပုံဆရာတစ်ဦးကတော့ 'အလှစု'ဓာတ်ပုံဆိုင်ပိုင်ရှင် ဦးဘိုကြီးပါ။ အမျိုးသား၊ အမျိုးသမီးတွေရဲ့ အလှဓာတ်ပုံရိုက်ချက်ကတော့ အလွန်တော်တဲ့ ဓာတ်ပုံဆရာတစ်ဦးပါ။ နောက်တစ်ဦးကတော့ 'သုခုမ'ဓာတ်ပုံဆိုင်ပိုင်ရှင် ကိုဝင်းကျော်ပါ။ သူ့ရဲ့ နာမည်ပြောင်က 'ဝိစ်'လို့ခေါ်ပါတယ်။ ဘယ်လိုအကြောင်းကြောင့် ခေါ်သည်ကို မသိပါ။ အခုတော့ ဒီဓာတ်ပုံဆရာကြီးတွေလည်း မရှိကြတော့ပါ။ နှမြောတသသလို စိတ်မကောင်းခြင်းများစွာနဲ့ ဝမ်းနည်းရပါတယ်။ ကိုဝင်းကျော်ဓာတ်ပုံဆိုင်နေရာကတော့ ကျွန်တော်တို့ ကလေးအရွယ်ကစလို့ ယနေ့အချိန်ထိ နန်းတော်ရှေ့မှာ နာမည်အကြီးဆုံး သက်တမ်းအရှည်ဆုံး ဦးပွဲ+ဒေါ်နုတို့ရဲ့ 'အိုအေစစ်'အအေးဆိုင်ရဲ့ တန်းလျားမှာ ဆိုင်ဖွင့်ခဲ့တာပါ။ အဲ့ဒီတန်းလျားမှာ ပုံနှိပ်စက်တစ်ခုလည်း ရှိပါသေးတယ်။ ပိုင်ရှင်ကိုတော့ မမှတ်မိပါ။ ခြေထောက်နဲ့နင်းပြီးလုပ်ရတဲ့ စာပုံနှိပ်စက်လို့ သိရပါတယ်။ အိုအေစစ်အအေးဆိုင်က နန်းတော်ရှေ့ နဒီဘေးမှာဆိုတော့ ရေကပေါ်တယ်လေ။ အုန်းပင်တွေဆိုတာကလည်း တစ်ခြံလုံးစိုက်ထားတာ အများကြီးပဲ။ နဒီဘေးနားက ဇေဒါလေးတွေရှင်းပြီး ကြာပန်းလေးတွေ ရောင်စုံစိုက်ထားပါတယ်။ အခြားအလှပန်းလေးတွေလည်း စိုက်ထားပြီး လှေကလေးတစ်စင်းကလည်း ရှိသေးဆိုတော့ အလှဓာတ်ပုံရိုက်ချင်သူတွေအတွက်ကတော့ ငပလီမှာရောက်နေသလို အုန်းပင်၊ ပန်းပင်တွေနဲ့ လှေကလေးအပေါ်မှာ သမီးရည်းစား နှစ်ဦးတွဲတွေကလည်း တစ်နေ့တစ်နေ့ အများသားဗျ။

အဲ့ဒီတုန်းက မှတ်မိသေးတယ်။ နန်းတော်ရှေ့သားတွေက အစအနောက် အလွန်သန်ကြတာ။ စိတ်မဆိုးကြဘူး။ ပျော်စရာအလွန်ကောင်းတာ။ ယခုခေတ်လို ဒစ်ဂျစ်တယ်ကင်မရာတွေ ခေတ်မစားသေးဘူးလေ။ ကင်မရာက ဒေါက်နဲ့ထောင်ထားပြီး အဝတ်အနက်ကြီးအုပ်ထားကာ အဲ့ဒီအထဲကမှ ခေါင်းကနေကိုယ်တစ်ဝက်ဝင်ပြီး ရိုက်ရတာ။ အဲ့ဒါကို ကိုဝင်းကျော်က ဓာတ်ပုံရိုက်မယ့်သူကို အဲ့ဒီအဝတ်အနက်ထဲဝင်ခိုင်းပြီး ၁၀ မိနစ်လောက် နေခိုင်းတာ။ ဟိုလူကလည်း ဘာမှမသိဘဲနေရတာ သူကတော့ ပြုံးပြုံးကြီးနဲ့ရပ်ပြီး ကြည့်နေတာ။ ဟိုလူလည်း ချွေးတွေရွှဲလို့ ဘာလုပ်ခိုင်းတာလည်းဆိုတော့ ကင်မရာချောင်းခိုင်းတာတဲ့လေ။ ဘာမီးမှဖွင့်မထားတော့ အမှောင်ထဲမှာ ချွေးတွေရွှဲပြီး ပြန်ထွက်ခဲ့ရတာ။ နောက်ပြီး အိမ်ပြန်ရေချိုးအဝတ်အစားလဲပြီးမှ ဓာတ်ပုံပြန်ရိုက်ရတာ။ ကိုဝင်းကျော်ဆိုတာ ဒီလိုလူပါဆိုမှ။ နန်းတော်ရှေ့သား အချင်းချင်းကို စတာစိတ်ဆိုးရအခက် စိတ်မဆိုးရအခက်ပေါ့ဗျာ။ နောက်ပိုင်းမှာတော့ နန်းတော်ရှေ့မှာ ဓာတ်ပုံဆရာတစ်ဦး ထွန်းတောက်လို့ လာခဲ့ပါပြီ။ အဲ့ဒါကတော့ ဦးပွဲ+ဒေါ်နုရဲ့သား မောင်မောင်ယဉ် 'အိုအေစစ်'ဆိုတဲ့နာမည်နဲ့ ဝါသနာ၊ စေတနာနဲ့ အလုပ်လုပ်တဲ့ လူငယ်တစ်ဦးပါ။ ခေတ်လူငယ်ဖြစ်ပြီး ခေတ်အတွေးတွေနဲ့ အကောင်းဆုံးကင်မရာရယ်၊ ဗီဒီယိုကင်မရာရယ်ကြောင့် ပြည်တွင်း၊ ပြည်ပ ပြိုင်ပွဲဝင်ဆုတွေ အများကြီးရထားသူပါ။ 'အိုအေစစ်'စတူဒီယိုကို ထူထောင်ပြီး အလုပ်သမားအင်အားများစွာနဲ့ မော်ဒယ်ရှိုးပွဲ၊ အလှူ၊ မင်္ဂလာဆောင်၊ ဧည့်ခံပွဲတွေကို နေ့၊ ညလက်မလည်အောင် ရိုက်ကူးနေရတဲ့သူပါ။ ဓာတ်ပုံမှာ မောင်မောင်ယဉ်လို့ ပြောလိုက်ရင် 'အိုအေစစ်'ဆိုတာ တွဲပါပြီးသား။

မောင်မောင်ယဉ်ရဲ့ အစ်ကို ကိုငွေးငွေးကတော့ အိုအေစစ်ရဲ့ ရှေးမူမပျက် လက်နဲ့ဂျစ်ခုံပေါ်မှာ ခြစ်ရတဲ့ ရေခဲခြစ်ကို ယခုအခါမှာတော့ စက်နဲ့ခြစ်ရတဲ့ ခေတ်ကိုရောက်အောင် စွမ်းဆောင်ပြီး ယနေ့ထက်တိုင်ဆက်လက်ပြီး ရောင်းချနေပါတယ်။ နွေမိုးဆောင်းတစ်နှစ်ပတ်လုံး ရောင်းချနေပါတယ်။ သီတင်းကျွတ်ပွဲမှာဆိုရင်လည်း ကုသိုလ်တော်ဘုရားအနောက်စောင်းတန်းမှာ ပွဲအစ ပွဲအဆုံး လက်မလည်နိုင်အောင် ရောင်းချရပါတယ်။ အရင်တုန်းက လက်တစ်အုပ်စာသာရှိတဲ့ ရေခဲခြစ်ဟာ အခုဆိုရင် လက်တစ်ထွာပတ်လည်လောက်ရှိတဲ့ ရေခဲခြစ်ကြီးတွေ ထုတ်လုပ်ရောင်းချနေပါတယ်။ ရေခဲခြစ်ထဲမှာ လတ်ဆတ်တဲ့ အုန်းသီးခြစ်ပြီးသားရယ်၊ ကျောက်ကျောရယ် ထည့်ထားပြီး အလယ်အပြင်ဘက်မှာတော့ နို့ဆီကိုဆမ်း ကျန်သည့်နေရာများကိုတော့ သကြားကိုကျို လိုချင်တဲ့ကာလာအရောင်ဆိုး ရေခဲခြစ်ကို သကြားရည်ဆမ်းပေးပါတယ်။ နောက်ပြီး လက်မှုပညာအနေနဲ့ အုန်းသီးအခြောက်ကို ဓားသေးသေးလေးနဲ့ မျောက်ရုပ်ကလေးတွေထွင်းပြီး ရောင်းချနေပါတယ်။

နန်းတော်ရှေ့မှာ စာရေးဆရာတွေဟာ ကျွန်တော်မမွေးခင်ကတည်းကရှိခဲ့တာပါ။ ဂီတပညာရှင်တွေလည်း အများကြီးပါ။ တေးရေးသူတွေ ရှိသလို၊ တေးဆိုသူတွေလည်း ရှိခဲ့ပါတယ်။ ပန်းချီပညာရှင်တွေ သန္ဓေတည်ခဲ့တယ်။ ပန်းချီ၊ ပန်းပု၊ သဘင်၊ ဂီတပညာရှင်တွေ မွေးဖွားသန္ဓေစင်ရာ ဘူမိနက်သန်နေရာဖြစ်ခဲ့ပါတယ်။ မန္တလေးအနုပညာ'ပန်တျာ'ကျောင်းကြီးရှိတယ်။ မှတ်မိတာကတော့ ပန်တျာကျောင်းအုပ်ကြီးမှာ ဦးကံညွန့် ဖြစ်ပါတယ်။ ယခုတော့ ကွယ်လွန်သွားပါပြီ။ မတည်မြဲသော သဘောတရားလေ။ အဲ့ဒီတုန်းက နန်းတော်ရှေ့ဈေးကြီးရဲ့အရှေ့ဘက် ဟိန္ဒူဘုရားကျောင်းရဲ့အနောက်ဘက်၊ ရွှေကြီးတန်းရပ်ကွက်ရဲ့ထိပ် အစိုးရအပေါင်ဆိုင်ဘေးမှာ 'ငွေစိုး'အမည်ပေးထားတဲ့ လက်ဖက်ရည်ဆိုင်လေးရှိခဲ့ဖူးတယ်။ ဆိုင်ရှင်ကတော့ မန်းပန်တျာကျောင်းမှ စန္ဒရားဆရာကြီး ဦးအုန်းမောင် ပိုင်တာပါ။ မိသားစုပိုင်တဲ့ ဆိုင်လေးပါ။ စားပွဲအပု၊ ခုံအပုလေးတွေနဲ့ ထိုင်ရတာပါ။ နေ့ခင်းမှာမဖွင့်၊ ညပိုင်းမှဖွင့်တဲ့ ဆိုင်လေးပါ။ စိုင်းထီးဆိုင်ရဲ့ ပျံ့သာပျံ့ပါရွှေဟင်္သာသီချင်းနဲ့ စိုးပိုင်ရဲ့ အချစ်ဟောင်းရဲ့လက်ထပ်မင်္ဂလာသီချင်းတွေဟာ လက်ဖက်ရည်ဆိုင်ရဲ့ ဆောင်းဘောက်စ်အသေးနဲ့ နားထောင်ရတဲ့အရသာဟာ အခုနေပြန်တွေးရင် တစ်သက်မမေ့စရာပါ။

နောက်ပြီး ခေါက်ဆွဲဆိုင်တွေကလည်း ရှိသေးတယ်ဗျာ။ ၁၉လမ်းနဲ့ ၆၂လမ်းထောင့်မှာ ဦးစိန်ဝင်းရဲ့ ခေါက်ဆွဲဆိုင်ပေါ့။ အဲ့ဒီအချိန်တုန်းက ဈေးချိုနဲ့ ပုသိမ်ကြီးကို ခရီးသည်တွေ၊ ဈေးအရောင်းအဝယ်လုပ်တဲ့သူတွေစီးတဲ့ အမှတ်(၅)ကား ချက်ပလက်ကားကို ဆေးအနီနဲ့ အမှတ်အသားလုပ်ထားတဲ့ကားကို ခရီးသည်တွေက အလွယ်တကူ ကားနီလို့ပဲ ခေါ်ကြတာ။ ခေါက်ဆွဲဖိုပါတယ်နော်လို့ စပယ်ယာက အော်လိုက်ရင် ဦးစိန်ဝင်းရဲ့ ခေါက်ဆွဲဆိုင်ရှေ့မှာ ရပ်ပေးပါတယ်။ ခေါက်ဆွဲကြော်ကကောင်းသလို ပေါက်စီကြော်ကလည်း အလွန်ကောင်းဗျို့။ နောက်ခေါက်ဆွဲဆိုင် နှစ်ဆိုင်ကတော့ နန်းတော်ရှေ့ဈေးရဲ့ မျက်စောင်းထိုး ယခု ၆၃လမ်းနှင့် ၁၉လမ်းထောင့်မှာ ဦးကြင် + ဒေါ်ရင်ရဲ့ 'နန်းသီတာ'ခေါက်ဆွဲဆိုင် ရှိတယ်။ အဲ့ဒီဘေးမှာ မြင်းလှည်းဂိတ်နဲ့ ဆိုက်ကားဂိတ်ရှိတယ်။ အဲ့ဒီရဲ့အရှေ့ဘက်မှာတော့ ဦးတင်မောင် + ဒေါ်ကြည်ရဲ့ ခေါက်ဆွဲဆိုင်ပေါ့ဗျာ။

ကျွန်တော်တို့ အပေါင်းအသင်းသူငယ်ချင်းက စိတ်တူကိုယ်တူ ခုနစ်ဦးလောက် ရှိတယ်ဗျ။ ကျွန်တော်နဲ့အတူ စက်ချုပ်တဲ့သူ ရှိသလို ပန်းထိမ်လုပ်တဲ့သူတွေလည်း ပါတယ်ပေါ့နော်။ ကျွန်တော်တို့က လပြည့်၊ လကွယ်မှ အလုပ်နားကြတာပါ။ ကြားဥပုသ်ကတော့ အလုပ်အရေးကြီးရင် အလုပ်သွားလုပ်ပြီး အလုပ်ကို စောသိမ်းပါတယ်။ လပြည့်၊ လကွယ်၊ အဖိတ်နေ့မှာတော့ သူငယ်ချင်းတွေ ပိုက်ဆံစုပြီး ဦးတင်မောင်ခေါက်ဆွဲဆိုင်မှာ မန္တလေး'ရမ်'တစ်လုံး ဝယ်ပြီး အမြည်းကိုတော့ ထမင်းကြော် တစ်ဦးတစ်ပွဲမှာပြီး သောက်ရင်း ညစာစားရတဲ့အရသာဟာ ဘာနဲ့မှမလဲနိုင်အောင်ကို ပြန်စဉ်းစားမိတိုင်း သတိရတယ်။ အခုတော့ အတူသွား၊ အတူလာ ပေါင်းသင်းခဲ့တဲ့ သူငယ်ချင်းတွေလည်း မရှိကြတော့ဘူး။ ကွယ်လွန်သွားကြပြီလေ။

အဆင့်မြင့်'နန်းတော်ရှေ့ ဈေးသစ်ကြီးတဲ့၊ ယခုဆောက်ထားတဲ့ ဈေးသစ်ကြီးကိုမြင်တော့ ဟိုးအရင်သစ်သားတွေနဲ့ကာထားတဲ့ ဈေးဟောင်းကြီးကို သတိရတယ်၊ လွမ်းတယ်။ ဟိုတုန်းက မီးလောင်ဖူးတဲ့ ဈေးကြီးမဟုတ်တော့ဘူးလေ။ နောက်ပြီး ဈေးရဲ့ တောင်ဘက်မှာ ဘကြီးဝေရဲ့ဆိုင် ရှိတယ်။ ဦးသာဒွန်းရဲ့ ဆံပင်ညှပ်ဆိုင်။ နောက်ပြီး ဆိုင်းဘုတ်တွေလည်း လက်ခံရေးပေးသေးတယ်။ အနောက်ဘက်မှာ ဦးကျော်ညွန့်ရဲ့ 'ကျော်ကြား'လက်ဖက်ရည်ဆိုင်။ နောက်ပြီး ဦးလှဖေနဲ့သားများ 'စက်ဘီးပြင်'ဆိုင် ရှိတယ်။ ကိုမွတ်တားရဲ့ 'လူငယ်'စက်ချုပ်ဆိုင်။ ဦးတင်အောင်ရဲ့ 'ကျားသစ်ရှူး'ဖိနစ်ချုပ်နဲ့ သေနတ်အိတ်တွေချုပ်တဲ့ဆိုင်။ နောက်တစ်ဦးကတော့ ဦးလှဖေ+ဒေါ်လုံးရဲ့ ဆံပင်ညှပ်ဆိုင်ပါ။ အခုတော့ အဲ့ဒီဆိုင်တွေ မရှိတော့ပါဘူး။ ဖုန်းဆိုင်အကြီးကြီးက နေရာယူသွားပါပြီ။ နန်းတော်ရှေ့သား တေးရေး၊ တေးဆို'ဆူး'ရေးပြီး လွမ်းမိုးဆိုခဲ့တဲ့ 'ဟင်္သာတို့ရဲ့နန်းတော်ရှေ့'ဟာ အခုတော့ အရာရာပြောင်းလဲသွားပြီနော်။ အသိမိတ်ဆွေ သူငယ်ချင်းတော်တော်များများလည်း မရှိကြတော့ဘူး။ မမြဲတဲ့ သင်္ခါရသဘောတရားတွေပါလားဆိုတာ ဆင်ခြင်မိတော့ သံဝေဂရစရာတွေပေါ့။

နောက်ထပ်နန်းတော်ရှေ့နဲ့ပတ်သက်လို့ ရေးခွင့်ရဦးမယ်ဆိုရင် ရေးချင်ပါသေးတယ်။ နန်းတော်ရှေ့နယ်မြေအတွင်း နေထိုင်ကြကုန်သော ရဟန်း၊ သံဃာများနှင့် နန်းတော်ရှေ့သူ၊ နန်းတော်ရှေ့သားအပေါင်း ကျန်းမာချမ်းသာတော်မူကြပါစေ ခင်ဗျာ။

မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၉)၊ ဦးပိုင်နံပါတ်(၂၉)ဟုခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးလှဦး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ယဉ်မွန်အေး(ဘ)ဦးခင်မောင်ယဉ် (၉/ပကခ(နိုင်)၀၀၆၇၉၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး LL.B, LL.M** **ဒေါ်အိအိမွန် LL.B, LL.M**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် LL.M** — **တရားလွှတ်တော်ရှေ့နေ**
**ဦးကြည်ယံ LL.M** — **အထက်တန်းရှေ့နေ**
**ဦးစည်သူအောင် LL.B** — **အထက်တန်းရှေ့နေ**
**ဒေါ်သဲမို့မို့ထွန်း LL.B** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း။ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား။ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➢ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၉၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၁)၊ ဦးပိုင်နံပါတ်(၅-က)ဟုခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိအမည်ပေါက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်စုစုထွေး(ဘ)ဦးလှအောင်(၁၃/မဆတ(နိုင်)၀၂၉၉၈၃) [၎င်း၏ကိုယ်စား ခင်ပွန်းဖြစ်သူ ဦးမင်းဇော်ဝင်း(ဘ)ဦးစိန်ဝင်း(၁၂/ကတန(နိုင်)၀၅၆၄၉၈)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး LL.B, LL.M** **ဒေါ်အိအိမွန် LL.B, LL.M**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် LL.M** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း LL.B** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး LL.B** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် LL.B** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း။ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား။ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➢ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၉၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၄၃၄)တွင် တစ်ဆက်တစ်စပ်တည်း တည်ရှိသည့် ဦးပိုင်နံပါတ်(၁-စ၊ ၁-ဆ၊ ၁-ဇ + ၁-ဈ/၁၂)ဟုခေါ်တွင်သော မြေဧရိယာ [၀ · ၀၂၇၂ + ၀ · ၁၀၀၆ + ၀ · ၀၅၇၅ + ၀ · ၀၂၆၆ (ခန့်မှန်း)] ဧက အကျယ်အဝန်းရှိ မြေကွက်များအနက် ဦးပိုင်နံပါတ်(၁-စ၊ ၁-ဆ၊ ၁-ဇ)ဟုခေါ်တွင်သော မြေဧရိယာ(၀ · ၀၂၇၂ + ၀ · ၁၀၀၆ + ၀ · ၀၅၇၅)အကျယ်အဝန်းရှိ ဦးမြစိန်(ပါ-၂)အမည်ပေါက် ဂရန်မြေကွက်များထဲမှ ဦးပိုင်နံပါတ်(၁-စ)၏တောင်ဘက်ခြမ်း (အရှေ့မှအနောက် ၁၃ ပေ × တောင်မှမြောက် ကျန်ရှိသည့်ဦးပိုင်အရှိအတိုင်း)၊ ဦးပိုင်နံပါတ်(၁-ဆ)၏ တောင်ဘက်အစွန်ဆုံး(တောင်မှမြောက် ၁၀ ပေ × အရှေ့မှအနောက် ဦးပိုင်အရှိ)၊ ဦးပိုင်နံပါတ်(၁-ဇ)၊ ဧရိယာ(၀ · ၀၅၇၅)အကျယ်အဝန်းရှိ မြေကွက်များနှင့် ဦးပိုင်နံပါတ်(၁-ဈ/၁၂)ဟုခေါ်တွင်သော မြေဧရိယာ(၀ · ၀၂၆၆)ဧက အကျယ်အဝန်းရှိ (မြေပြင်တွင် နယ်နိမိတ်သတ်မှတ်၍ အုတ်တံတိုင်းကာရံထားပြီး)မြေကွက်များနှင့် ယင်းမြေကွက်များ၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်အေး(ဘ)ဦးမောင်လေး(၅/မရန(နိုင်)၀၈၂၂၆၆)နှင့် ဦးသူထူးဇော် (ဘ)ဦးဇော်ဇော်အောင်(၉/မဟမ(နိုင်)၀၇၆၂၄၈)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်အေးစုထွန်း (LL.B, LL.M, DBL)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာမာငွေး (LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(B)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➢ ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## ဒေါ်သင်းသင်းဆွေ(ဘ)ဦးစိုးဝင်း(၉/ပသက(နိုင်)၀၉၈၈၄၃)နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဆန်းဝင်း(ဘ)ဦးဝင်းဗိုလ်(၉/ပသက(နိုင်)၁၀၀၅၂၂)ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ၏ ဇနီးဖြစ်သူ ဒေါ်သင်းသင်းဆွေသည် ဦးဆန်းဝင်း မသိရှိဘဲ ခွင့်မလွှတ်နိုင်သည့်ကိစ္စများကိုပြုလုပ်ပြီး ၎င်း၏သဘောဆန္ဒဖြင့်(၈-၈-၂၀၂၅)ရက်က နေအိမ်မှဆင်းသွားပါသည်။ ၎င်းနှင့်အတူ လင်မယားနှစ်ဦးပိုင် ပစ္စည်းရပ်များဖြစ်သည့် ငွေသား(၇၈၅)သိန်း၊ ငွေသား သိန်း(၁၀၀)ပါရှိသည့် ဘဏ်စာအုပ်၊ ရွှေတစ်ကျပ်သား အပါအဝင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ငြိမ်းချမ်းသာစံကျေးရွာအုပ်စု၊ ဆင်ရွာကြီးကျေးရွာ၊ ကွင်းအမှတ်(၄၄၉/က) အတွင်းမှ ဧရိယာ(၄၀ × ၄၀)ပေ မြေကွက်နှင့် ပုသိမ်ကြီးမြို့နယ်၊ ဝင်းခြံကျေးရွာ၊ ကွင်းအမှတ်(၄၂၄)အတွင်းမှ ဧရိယာ (၀ ဒသမ ၄၉)ဧကရှိ မြေကွက်များ၏စာရွက်စာတမ်းမူရင်းများ ယူဆောင်သွားပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေ(၂)ကွက်ကို ကျွန်ုပ်၏မိတ်ဆွေ သိရှိသဘောတူညီမှုမပါရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်း၊ ရောင်းချ၊ ပေးကမ်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ အာမခံအဖြစ်ထားရှိခြင်းများ လုံးဝမပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့သည်ရှိသော် ပြုလုပ်သူနှင့် လက်ခံသူ၏တာဝန်သာ ဖြစ်ပါသည်။

အထက်ပါမြေ(၂)ကွက်နှင့် ရွှေ၊ ငွေသားတို့မှာ ကျွန်ုပ်၏မိတ်ဆွေနှင့်အတူ ပူးတွဲပိုင်ဆိုင်သည့် ပစ္စည်းရပ်များဖြစ်ပါကြောင်း ဒေါ်သင်းသင်းဆွေနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ–**
**ဦးဆန်းဝင်း(ဘ)ဦးဝင်းဗိုလ် (၉/ပသက(နိုင်)၁၀၀၅၂၂)**
**အောင်ချမ်းသာရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊**
**မန္တလေးတိုင်းဒေသကြီး။**

**လွှဲအပ်ချက်အရ–**
**ဒေါ်တင်တင်လင်းနိုင်(LL.B) တရားလွှတ်တော်ရှေ့နေ**
**စဉ်–၁၉၇၂၄**
**ဖုန်း ➢ ၀၉-၇၅၄၇၀၃၀၀၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၁၁-၂၂)၊ ဦးပိုင်နံပါတ်(၄၈)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက (ပေ ၆၀ × ပေ ၄၀)အကျယ်အဝန်းရှိ ဦးမာမတ်ဒါလီ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့်မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း(၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးကျော်ဟိန်း(ဘ)ဦးထွန်းရွှေ(၉/ကဆန(နိုင်)၁၀၆၇၅၁)နှင့် ဒေါ်ခင်ထွေးဆု(ဘ)ဦးထွန်းရွှေ(၉/ကဆန(နိုင်)၁၃၆၆၆၄)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူစာဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➢ ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၁)၊ ဦးပိုင်နံပါတ်(၆၀)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက (ပေ ၆၀ × ပေ ၄၀)အကျယ်အဝန်းရှိ ဦးသာဌေး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့်မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း(၂၅ ပေ × ပေ ၄၀)ထဲမှ တောင်ဘက်ပိုင်း(၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ယုလေးဝေ(ဘ)ဦးမောင်မောင်လေး(၁/မညန(နိုင်)၀၉၅၂၈၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူစာဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➢ ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ ၅၆လမ်း၊ ၁၀၅လမ်းနှင့် ၁၀၆လမ်းကြားတွင် တည်ရှိသော အကွက်အမှတ်(စစ-၄)၊ ဦးပိုင်အမှတ်(၄၂)၊ ဧရိယာဧက(၀ ဒသမ ၀၅၅၁)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ အာရ်စီနံကပ်နှစ်ထပ် အဆောက်အအုံ(ရေမီးအစုံ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးသိန်းထွန်း(၉/မရတ(နိုင်)၁၂၃၆၈၅) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးလှမိုး (ဥပဒေဘွဲ့)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)** — **တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဒ–၁၁ / ၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊**
**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➢ ၀၉-၂၀၇၀၀၀၇ ၊ ၀၉-၇၉၂၀၇၀၀၀၇၊ ၀၉-၄၃၂၅၀၀၀၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်ရပ်ကွက်ကြီး(၉)၊ နန္ဒဝန်ရပ်ရှိ အကွက်အမှတ်(၆/နန္ဒဝန်)၊ ဦးပိုင်အမှတ်(၉/က)၊ ဧရိယာ(၀ ဒသမ ၂၃၀)ဧက အကျယ်အဝန်းရှိ ဦးကြည်လှိုင်(ပါ-၂)အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ဧရိယာ(ပေ ၅၀ × ပေ ၁၀၀)မြေကွက်နှင့် (RC) (၁)ထပ် မီးမီတာ အပါအဝင် နေထိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုလက်ရှိလက်ရောက် ဂရန်အမည်ပေါက်ပိုင်ဆိုင်ထားသူ ၁။ဦးကြည်လှိုင်(ဘ)ဦးလှဖေ (၁၂/ကတတ(နိုင်)၀၁၇၀၇၅)နှင့် ဦးသန်းထိုက်(ကွယ်လွန်)၏ဇနီးဖြစ်သူ ဒေါ်ဇင်လင်းထိုက်(ဘ)ဦးသင်းလှိုင်(၆/ထဝန(နိုင်)၀၈၃၄၂၉)တို့မှ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုကမ်းလှမ်းသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအနောက်ဘက်ခြမ်း ဂရန်မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးချစ်စန်းမောင် (LL.B)၊ ဒေါ်မွန်မွန်လှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**ဆင်စွယ်ပွတ်ရပ်ကွက်၊ မဟာဂန္ဓာရုံကျောင်းတိုက်လမ်း၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➢ ၀၉-၂၅၁၁၁၅၅၆၀၊ ၀၉-၂၅၉၀၈၈၆၅၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၄)၊ ဦးပိုင်နံပါတ်(၃၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးထွန်းကြည် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်အစွန်ဆုံးနှင့် ကပ်လျက် တောင်ဘက်ပိုင်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အမာရွှေ(ဘ)ဦးအေးဖေ(၉/မရတ(နိုင်)၀၉၄၆၄၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခခ-၄၉)၊ ဦးပိုင်နံပါတ်(၅၆)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးဖိုး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အိ(ဘ)ဦးအိုက်ဆမ်(၁၃/နခန(နိုင်)၀၄၃၉၁၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၃၄)၊ ဦးပိုင်အမှတ်(၆၇-ခ)၊ ဧရိယာပေ(၃၀×၄၀) အကျယ်အဝန်းရှိ ချထားစလစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ် အဆောက်အအုံ၊ ရေ+မီး အစုံအလင် အပါအဝင် နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့်၊ အခွင့်အရေးအရပ်ရပ်အားလုံးတို့ မြေကွက်ချထားပေးခြင်းခံရသူ ဦးကျော်အေး၏ဇနီးဖြစ်သူထံမှ လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ကြည်ခင်(ဘ) ဦးအောင်ဒင်(၉/ပသက(နိုင်)၀၄၀၈၆၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးအေးမင်းချို(ဘ) ဦးမောင်ချို(၉/ကဆန(နိုင်)၁၀၆၉၄၇)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါရောင်းချသည့် မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမျိုးသူထွန်း**
**တရားလွှတ်တော်ရှေ့နေ**
**၅၅လမ်း၊ ၁၀၈လမ်းထောင့်၊ ထွန်တုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၄၅၁၁၁၂၂၂၃၊ ၀၉-၉၇၁၁၁၂၂၂၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၅)၊ ဦးပိုင်အမှတ်(၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးမျိုးဆွေ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၃)ထပ်ခွဲ အဆောက်အအုံ၊ အိမ်သုံးလျှပ်စစ်မီတာ၊ ပါဝါမီတာ၊ အဝီစိရေ(ဆက်လက်သုံးစွဲခွင့်)အပါအဝင် ပေါက်ရောက်သစ်ပင်ဝင်းခြံအကာအရံနှင့်တကွ မြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝ ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမျိုးဆွေ(ဘ)ဦးဟန်မြင့်(၉/မထလ(နိုင်)၂၅၇၄၈၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေများ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း၊ စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်ထိုက်ထိုက်စိုး**
**(တရားလွှတ်တော်ရှေ့နေ)**
**ရေထွက်ရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း၀၉-၇၉၇၂၄၉၄၀၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၁)၊ ဦးပိုင်အမှတ်(၈၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးဥက္ကာမင်းဒင်(ဘ) ဦးမင်းဒင်(၅/တဆန(နိုင်)၀၉၈၁၇၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| | | | | |
|---|---|---|---|---|
| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁အေလမ်းနှင့်၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ်(၁၄၉)၊ ဦးပိုင်အမှတ်(၁)၊ ဧရိယာ(၀ ဒသမ ၀၃၄၇)ဧက အကျယ်အဝန်းရှိသော ဒေါ်ကျောင်စိုးလန့် အမည်ပေါက်ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၂)ထပ်အဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာ (ဆက်လက်သုံးစွဲခွင့်အပါအဝင်)သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော (၁)ဦးအောင်မြင့်(ဘ)ဦးရန်ဖူး (၉/မနမ(နိုင်)၀၇၇၈၅၅)၊ (၂)ဒေါ်ကျောင်စိုးလန့်(ဘ)ဦးကျောင်ကြားဟော့(၉/မနမ(နိုင်)၀၇၇၉၄၉)တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၂၀)၊ ဦးပိုင်နံပါတ်(၃၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဦးသောင်းဌေးနှင့်ဦးဝမ်းတို့ အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏အရှေ့ဘက်ခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးစိုင်းသိန်းလွင်(ဘ) ဦးစိုင်းသိန်းမောင် (၁၃/မဆတ(နိုင်)၀၄၅၅၆၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | |
|---|---|
| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| | | | |
|---|---|---|---|
| ဒေါ်ယုသစင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၁)၊ ဦးပိုင်နံပါတ်(၁၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဦးဘမော် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏အနောက်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်လှကြည်(ဘ) ဦးရေအေး(၉/မရတ(နိုင်)၀၈၈၈၇၃)နှင့် ဒေါ်သိန်းအေး(ဘ)ဦးကြည်(၉/မရတ(နိုင်)၁၂၅၇၉၇)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | |
|---|---|
| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| | | | |
|---|---|---|---|
| ဒေါ်ယုသစင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

❖ မိမိတိုင်းပြည်အတွက်၊ မိမိပြည်သူအတွက်၊ မိမိနိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာအတွက် မိမိအသက်ခန္ဓာကို ပေးလှူစွန့်စားခြင်းဆိုတာကတော့ အာဇာနည်သူရဲကောင်းစိတ်ဓာတ်ပိုင်ရှင်တွေသာ ပြုမူနိုင်ကြတဲ့ အမူအကျင့်ပဲဖြစ်တယ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျင်းပသော နှစ် (၈၀) ပြည့် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော် ဂုတ်ထိပ်မီးရထားလမ်းတံတားအား TNLA အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် ဩဂုတ် ၂၄**

TNLA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တပ်မတော်၏ စနစ်တကျဖြင့် အဆင့်ဆင့်ခြေကုပ်ယူ ထိုးစစ်ဆင်မှုများကို ဆက်လက်ခုခံနိုင်ခြင်းမရှိဘဲ ကစဥ့်ကလျားဖြင့် ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးစဥ် စစ်ရေးနှင့်မသက်ဆိုင်သည့် မြန်မာနိုင်ငံ၏ အထင်ကရ အမှတ်အသားတစ်ခုဖြစ်သည့် ဂုတ်ထိပ်တံတားအား အသိတရားကင်းမဲ့စွာဖြင့် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြသည်။

ဂုတ်ထိပ်တံတားသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမြို့နယ် နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသည့် မန္တလေး-လားရှိုး ရထားလမ်းပေါ်တွင် တည်ရှိသည်။ ဂုတ်ထိပ်တံတားကို ၁၈၉၉ ခုနှစ်တွင် တည်ဆောက်ပြီး ၁၉၀၀ ပြည့်နှစ်တွင် ပြီးစီးခဲ့ကာ ၁၉၀၃ ခုနှစ်တွင် စတင်အသုံးပြုခဲ့သည်။

စာမျက်နှာ ၁၀ သို့ ❖



TNLA အကြမ်းဖက်သောင်းကျန်းသူများက ဂုတ်ထိပ်တံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကို တွေ့ရစဉ်။

## (၅၇)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ မြန်မာအသင်း ရွှေ၊ ငွေ၊ ကြေးဆုများနှင့် အကောင်းဆုံးဆုများ ရရှိ

**ရန်ကုန် ဩဂုတ် ၂၄**

(၅၇)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင် ကာယဗလအားကစားသမားများသည် ရွှေတစ်ခု၊ ငွေတစ်ခု ထပ်မံရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင် အားကစားပြိုင်ပွဲ၌ Men's Bodybuilding Up to 75 kg ပြိုင်ပွဲတွင် မြန်မာမှ ချမ်းမြေ့ထွန်းက ပထမ(ရွှေ)၊ ဗီယက်နမ်မှ ဒုတိယ(ငွေ)၊ မလေးရှားမှ တတိယ(ကြေး)တို့က လည်းကောင်း၊ MSP Over 175 cm တွင် မျိုးသူရကျော်က ပထမ(ရွှေ)၊ ထိုင်းက ဒုတိယ၊ မလေးရှားက တတိယ၊ MSP Up to 175 cm တွင် စိုင်းသက်နောင်ဦးက ပထမ(ရွှေ)၊ WMP up to 160 cm တွင် ဆုမွန်လှိုင်က ဒုတိယ(ငွေ)၊ WMP Up Over 170 cm တွင် မဇူးဇူးသန့်က ဒုတိယ (ငွေ)၊ WMP Up to 165 cm တွင် မလင်းလင်းစိုး၊ MAP Up to 167 cm တွင် သန်းဇော်ထိုက်၊ 70 kg တွင် မောင်မောင်စိုးတို့က တတိယ(ကြေး)တစ်ခုစီ အသီးသီးဆွတ်ခူးရရှိခဲ့ကြပြီး အရှေ့တောင်အာရှပြိုင်ပွဲ၌ ကာလဗလမောင်အတန်းလိုက် ပထမဆုရ ပြိုင်ပွဲတွင် Champion of Champion Overall Champaion ဆုကို မြန်မာမှ ချမ်းမြေ့ထွန်းက ဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။




ထို့ပြင် (၅၇)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ၌ MSP Up to 75 kg ပြိုင်ပွဲတွင် မြန်မာမှ ချမ်းမြေ့ထွန်းက ပထမ(ရွှေ)၊ ဗီယက်နမ်မှ ဒုတိယ(ငွေ)၊ မလေးရှားမှ တတိယ(ကြေး)ကလည်းကောင်း၊ WMP Up to 175 cm တွင် မဇူးဇူးသန့်က ပထမ(ရွှေ)ကို လည်းကောင်း၊ Master Bodybuilding(40-49) Up to 80 kg တွင် မောင်မောင်မြင့်က ဒုတိယ (ငွေ)ကိုလည်းကောင်း၊ WWN အတန်းတွင် မမိုးသက်ခိုင် (Am-ara Moe Myint)က ဒုတိယ (ငွေ)ကိုလည်းကောင်း၊ MSP Up to 175 တွင် မျိုးသူရကျော်က တတိယ(ကြေး)၊MSP Up to 175 kg တွင် စိုင်းသက်နောင်ဦးက တတိယ(ကြေး)၊ မောင်မောင်မြင့်က 70 kg တွင် တတိယ(ကြေး)ကိုလည်းကောင်း ရရှိကြသည်။ ထို့ပြင် အာရှ Champion of Champion Overall Champion ပြိုင်ပွဲတွင် ပထမဆုရရှိကြသော ကာယဗလမောင် 75 kg တန်း ယှဉ်ပြိုင်ကြရာ မြန်မာမှ ချမ်းမြေ့ထွန်းက ကိုယ်ဟန်ပြ အကောင်းဆုံးရရှိခဲ့သည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဩဂုတ် ၁၈ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှနှင့် (၅၇)ကြိမ်မြောက် အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင် ကာယဗလအားကစားသမားများသည် ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်ခြောက်ခု ရရှိခဲ့ကြောင်း သိရသည်။

**အာကာလင်း**

## အာရှချန်ပီယံလိဂ် အမျိုးသမီးကလပ်ခြေစစ်ပွဲ အုပ်စုပွဲစဉ်အဖြစ် အား/ကာသိပ္ပံအသင်းနှင့် Strykers FC အသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် ဩဂုတ် ၂၄**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အာရှချန်ပီယံလိဂ် အမျိုးသမီးကလပ် ခြေစစ်ပွဲ အုပ်စုပွဲစဉ်အဖြစ် မြန်မာကလပ် အား/ကာသိပ္ပံအသင်းနှင့် ဂူအမ်ကလပ် Strykers FC အသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာကလပ် အား/ကာ သိပ္ပံအသင်းသည် ဂူအမ်ကလပ် Strykers FC အသင်း၊ ဖိလစ်ပိုင်ကလပ် Stallion Laguna FC အသင်း၊ မွန်ဂိုလီးယားကလပ် Khovd Western FC အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

အား/ကာ သိပ္ပံအသင်းသည် မြန်မာ့လက်ရွေးစင်ကစားသမားများဖြစ်သည့် မေထက်လူ၊ စန်းသော်သော်၊ ဖြူဖြူဝင်း၊ ဖြူဖွေးနှင့် ယွန်းဝတီလှိုင်စသည့် ကစားသမားများကို ကာလတိုစာချုပ်ဖြင့် ခေါ်ယူထားသည်။



မြန်မာကလပ် အား/ကာ သိပ္ပံအသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အာရှချန်ပီယံလိဂ် အမျိုးသမီးကလပ် ခြေစစ်ပွဲအုပ်စုပွဲစဉ်အဖြစ် ဩဂုတ် ၂၅ ရက် မြန်မာစံတော်ချိန် ညနေ ၄ နာရီတွင် ဂူအမ်ကလပ် Strykers FC အသင်းနှင့် ရန်ကုန်မြို့၊ သုဝဏ္ဏကွင်းကြီးတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(NGB)**